# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၇၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံနှင့် ကာလ်မီးကီယာပြည်နယ်တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ် အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့ ဖတ် စ ရာ**


မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆို — ပြည်တွင်းသတင်း စာ ၁၆

ဖြစ်သင့်တာတွေ ဖြစ်ကြစေဖို့ — ဆောင်းပါး စာ ၁၈

မြန်မာ့အလင်း

## သတင်းမီဒီယာဖြင့် တိုင်းကျိုး၊ ပြည်ကျိုး အများပြည်သူအကျိုးကိုဆောင်

မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်တို့သည် ဒီမိုကရေစီ၏ အချက်အချာပင်ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်ပါက မိမိ၏ယုံကြည်ချက်ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်တို့ကို ဆောင်ရွက်ခွင့်ရှိသည်ဟု ထည့်သွင်းပြဋ္ဌာန်းထားသည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ရေးသားဖြန့်ဝေခွင့်တို့သည် လူ့အခွင့်အရေးဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းခွင့်ပြုပေးထားသည့် နိုင်ငံသားများ၏ မူလအခွင့်အရေးပင်ဖြစ်သည်။ လူသားတစ်ဦးအနေဖြင့်လည်းကောင်း၊ နိုင်ငံသားတစ်ဦးအနေဖြင့်လည်းကောင်း အခွင့်အရေးများကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုလေးစားရန်လိုအပ်သကဲ့သို့ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းနိုင်ရန်လိုသည်။ လွတ်လပ်ခွင့်နှင့်အတူ တာဝန်များပါရှိနေခြင်းဖြစ်သည်။

ယနေ့ကာလ မိမိတို့နိုင်ငံသည် သာမန်မဟုတ်သည့်အခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရပြီး နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ဆောင်ရွက်ချက်များကို အဖျက်အဆီး၊ အနှောင့်အယှက်၊ အဟန့်အတားများစွာကြားမှ ကြိုးပမ်းလုပ်ကိုင်နေရချိန်ဖြစ်သည်။ မိမိတို့နိုင်ငံနှင့် စပ်လျဉ်း၍ ပြည်ပမီဒီယာအချို့နှင့် ပြည်ပြေးမီဒီယာများက နိုင်ငံအတွင်း မငြိမ်မသက်မှုများပိုမိုကြီးမားလာစေရန်၊ လူမျိုးရေး၊ ဘာသာရေးစသည့် အခြေခံအကြောင်းအမျိုးမျိုးဖြင့် ပြည်သူလူထုအကြား အမုန်းတရားများဖြစ်ပေါ်လာစေရန်၊ ပဋိပက္ခများဖြစ်ပေါ်လာစေရန်၊ နိုင်ငံပြိုကွဲပျက်စီးစေရန်အထိ ရည်ရွယ်ကာ သတင်းတု၊ သတင်းမှားများအပါအဝင် မီဒီယာနည်းလမ်းများဖြင့် ပြုလုပ်နေကြသည်ကို တွေ့ရှိနိုင်သည်။

သတင်းမီဒီယာသမားများအနေဖြင့် မိမိတို့တစ်ဦးချင်းသည် မည်သို့သော အယူဝါဒကို ယုံကြည်သည်၊ စွဲကိုင်သည်ဖြစ်စေကာမူ သတင်းမီဒီယာသမားတို့၏ သီလဖြစ်သော ကျင့်ဝတ်များကို စောင့်ထိန်းကြရန်လိုသည်။ ထို့အပြင် နိုင်ငံနှင့်ပြည်သူအများစုကြီး၏ အကျိုးကို စောင့်ရှောက်ကာကွယ်ကြရန်လိုသကဲ့သို့ ဉာဏ်ပညာနှင့် ဆင်ခြင်တုံတရားတို့ ပြည့်ဝကြရန်လည်း လိုသည်။ နယ်ချဲ့လက်အောက်ခံ ကိုလိုနီနိုင်ငံဘဝတွင် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာအောင် သတင်းစာများမှ နှိုးဆော်ပေးခဲ့ကြသကဲ့သို့ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုများတွင်လည်း ထိုခေတ်မြန်မာသတင်းစာဆရာကြီးများ၏ ပါဝင်ဆောင်ရွက်ခဲ့ကြသည်မှာ နှောင်းခေတ်သတင်းမီဒီယာသမားတို့ အတုယူကြဖွယ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်အမှာစကားပြောကြားရာတွင် "စတုတ္ထမဏ္ဍိုင် ဟု အမည်ခံထားကြသည့် သတင်းမီဒီယာသမားများအနေဖြင့် အမှန်နှင့်အမှား၊ အကောင်းနှင့် အဆိုးကို သမာသမတ်ကျကျ၊ မျှမျှတတ ရေးသားဖော်ပြထုတ်လွှင့်ပေးကြရန်၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၏ အသုံးချလက်ကိုင်တုတ်မှ အဖြစ်မခံဘဲ နှောင်ကြိုးမဲ့စွာ ဆောင်ရွက်ပေးကြရန်၊ ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး နိုင်ငံနှင့်ပြည်သူအကျိုးကို ဦးထိပ် ထားပေးကြရန်၊ လွတ်လွတ်လပ်လပ် အမှီအခိုကင်းကင်း၊ အရောင်အသွေးကင်းကင်းဖြင့် သတင်းမီဒီယာလောကအကျိုးသယ်ပိုးပေးကြရန်၊ တိုင်းပြည်မငြိမ်သက်အောင်၊ ဆူပူအုံကြွအောင် သွေးထိုးမှုံးတိုက်ထုတ်လွှင့်နေမှုများကိုလည်း ဝိုင်းဝန်းဆန့်ကျင်တားမြစ်ပေးကြရန်"တို့ကို တိုက်တွန်းပြောကြားခဲ့သည်။

သတင်းမီဒီယာများသည် အကြီးများဆုံးသော လူမှုရေးရာအင်အားဖြစ်သည့်အလျောက် သတင်းမီဒီယာတို့တွင် လူမှုရေးရာဝတ္တရားနှင့် လူမှုရေးရာတာဝန်ရှိမှုတို့လည်းရှိသည်ဟု သတင်းစာဆရာကြီးများ၏အဆိုအမိန့်ရှိသည်။ သတင်းမီဒီယာသမားများဖြစ်လာသည့်အခါ ယုံကြည်စိတ်ချမှု၊ ရိုးသားမှုနှင့်ဘက်မလိုက်မှုတို့ လိုအပ်သလို ယေဘုယျလူအများစုကြီး၏ အကျိုးကို ရှေးရှုကြရမည်ဖြစ်သည့်အလျောက် သတင်းမီဒီယာဖြင့် တိုင်းကျိုး၊ ပြည်ကျိုး၊ အများပြည်သူအကျိုးဆောင်နိုင်ကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမောင်မောင်သန်း<br>ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေ<br>စစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန |
| (ခ) | ဦးတင်ကိုကို<br>ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေ<br>စစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးထောင်ရှန်ကမ်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |
| ( ခ ) | ဒေါက်တာ ဝင်းထွဋ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာ အောင်သူရိန်ဝင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် ( ၁ ) သတ္တုတွင်းလုပ်ငန်း<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

## ချောင်းသာ၌ လူငယ်စကားဝိုင်း ကျင်းပ

**ချောင်းသာ ဒီဇင်ဘာ ၁၀**

ချောင်းသာမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန (အ.လ.က၊ ချောင်းသာ)တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်က အ.လ.က (ချောင်းသာ) ၌ ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြစန္ဒာက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချောင်းသာမြို့ရုံးမှ ဦးစီးမှူး ဦးဝင်းကျော်ကျော်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် လူငယ်စကားဝိုင်းကို ဦးစီးမှူးက Moderator အဖြစ် ဆောင်ရွက်ပြီး မအေးသန့်သန့်သူက "လူငယ်နှင့် ရည်မှန်းချက်"၊ မသဉ္ဇာကျော်က "လူငယ်နှင့် စာကြည့်တိုက်"၊ မနော်အယ်နီးက "လူငယ်နှင့် စာရိတ္တ"၊ မသက်ထားဆွေက "လူငယ်နှင့် စည်းကမ်း" နှင့် မဟန်နီဘိုဘိုက "လူငယ်နှင့် နည်းပညာ" ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားကြသည်။

ကျော်ကျော်(ပြန်/ဆက်)

## Grade -11 နှင့် Grade - 12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် Grade -11 နှင့် Grade - 12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၈ ရက်က နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်း လက်မှတ်များချီးမြှင့်ပြီး တိုင်းဒေသကြီး ဥပဒေအရာရှိက သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းတွင် ပထမဆုကို ဥတ္တရသီရိမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မရမ်းခုံမှ အထက်တန်းပြဆရာ ဦးအောင်ပြည့်ဖြိုးကလည်းကောင်း၊ ဒုတိယဆုကို ဥတ္တရသီရိမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မအူလေးပင်မှ အထက်တန်းပြဆရာမ ဒေါ်ခင်ရတနာဝင်းကလည်းကောင်း၊ တတိယဆုကို လယ်ဝေးမြို့နယ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးမြင့်ဇော်ကလည်းကောင်း ရရှိခဲ့ကြောင်း သိရသည်။

သင်တန်းကို ခုနစ်ရက်တာကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေဘာသာရပ်ခုနစ်ခုပို့ချခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ ဆရာမ စုစုပေါင်း ၁၉၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္ဘဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❑ *ရွှေဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ် အကြီးအကဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံနှင့် ကာလ်မီးကီယာပြည်နယ်တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်အတွင်း ကာလ်မီးကီယာပြည်နယ်တွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဖိုရမ်ကျင်းပသွားမည့်အခြေအနေများနှင့် ဖိုရမ်အောင်မြင်စွာကျင်းပနိုင်ရေး မြန်မာနိုင်ငံမှ ကူညီဆောင်ရွက်နိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကာလ်မီးကီယာပြည်နယ်တို့အကြား ကိုးကွယ်ယုံကြည်မှုအရ၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ခြင်းမှတစ်ဆင့် ခရီးသွားလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်ဖက်တာဝန်ရှိသူများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

### အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ် အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်း အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရှေ့မှောက်၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ ကတိသစ္စာပြုစဉ်။

### ကတိသစ္စာပြု

ဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် သတင်းမီဒီယာကဏ္ဍကို နိုင်ငံ၏စတုတ္ထမဏ္ဍိုင်အဖြစ် အလေးအနက်ထားကြောင်းကို ဦးစွာပြောကြားလိုကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာကောင်စီ၏အခန်းကဏ္ဍကိုအလေးထားသကဲ့သို့ သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမြဲတမ်း စိတ်အားထက်ထက်သန်သန်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

### ဟန်ချက်ညီညီမျှမျှတတဆောင်ရွက်

မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို မှန်မှန်ကန်ကန် စနစ်တကျကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုအဖြစ် တည်ဆောက်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်တွင် ဥပဒေအရ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုနိုင်ခွင့်များရှိရမည်ဖြစ်သကဲ့သို့ ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း မရှိမဖြစ်လိုအပ်ကြောင်း၊ ယင်းလိုအပ်ချက်များကို လိုက်လျောညီထွေရှိရှိ ဟန်ချက်ညီညီ မျှမျှတတ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်ပါက မိမိတို့၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် လွတ်လပ်ခွင့်သည် အတိုင်းအတာနှင့်ဖြစ်ကြောင်း၊ သူတစ်ပါးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုကိုဖြစ်စေ၊ နိုင်ငံတော်ကိုဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီမဟုတ်ဘဲ လွတ်လပ်ခွင့်နှင့်အခွင့်အရေးကိုပါ ထိပါးပုတ်ခတ် ရေးသားဖော်ပြခြင်းမျိုးမဖြစ်ရန်လိုကြောင်း၊ လွတ်လပ်ခွင့်နှင့် အခွင့်အရေးရှိသကဲ့သို့ တစ်ဖက်ကလည်း လိုက်နာရမည့် တာဝန်၊ ဝတ္တရား၊ ကျင့်ဝတ်များကို လိုက်နာကြခြင်းဖြင့် မျှမျှတတလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

### မီဒီယာသမားများကို လက်ကိုင်တုတ်အဖြစ်မွေးမြူ

ထိုသို့ဖြစ်ထွန်းလာရန် သတင်းမီဒီယာ၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်ဟု ပြောကြားလိုကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံရေး၊ စီးပွားရေးအင်အားကြီးသည့် အုပ်စုများသည် ဒီမိုကရေစီအသွင်ကူးပြောင်းစ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဝင်ရောက်စိုးမိုးခြယ်လှယ်နိုင်ရန်အတွက် မီဒီယာသမားများကို လက်ကိုင်တုတ်အဖြစ် မွေးမြူလာကြသည့်နည်းကို အသုံးပြုနေကြသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းမီဒီယာသမားများမှတစ်ဆင့် ပြည်သူများ၏ သဘောထားခံစားချက်များ၊ နစ်နာချက်များကို ပစ်ပယ်ပြီး ၎င်းတို့လိုလားသည့် ပုံစံများအတိုင်း ပုံဖော်သွတ်သွင်း ထုတ်လွှင့်ဖော်ပြနေကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အဆိုးရွားဆုံးမှာ ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးများကို မတည်မငြိမ်ဖြစ်အောင်၊ ပဋိပက္ခများကြီးထွားလာအောင်၊ ဆူပူအုံကြွပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ရည်ရွယ်ချက်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပြုလုပ်နေကြခြင်းပင်ဖြစ်ကြောင်း။

### မီဒီယာသမားတိုင်း လက်ခံကျင့်သုံး

အထူးသဖြင့် ဒီမိုကရေစီ၏ သဘောတရားများအနက် လူတိုင်းနားလည်လက်ခံထားကြသည့် သဘောတရားတစ်ခုမှာ *စာမျက်နှာ ၅ သို့*

❖ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်ပါက မိမိတို့၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်ဟု ပြဋ္ဌာန်းထား၊ ထို့ကြောင့် လွတ်လပ်ခွင့်သည် အတိုင်းအတာနှင့်ဖြစ်၊ သူတစ်ပါးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုကိုဖြစ်စေ၊ နိုင်ငံတော်ကိုဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီမဟုတ်ဘဲ လွတ်လပ်ခွင့်နှင့်အခွင့်အရေးကိုပါ ထိပါးပုတ်ခတ် ရေးသားဖော်ပြခြင်းမျိုးမဖြစ်ရန်လို၊ လွတ်လပ်ခွင့်နှင့် အခွင့်အရေးရှိသကဲ့သို့ တစ်ဖက်ကလည်း လိုက်နာရမည့် တာဝန်၊ ဝတ္တရား၊ ကျင့်ဝတ်များကို လိုက်နာကြခြင်းဖြင့် မျှမျှတတ လုပ်ဆောင်ကြရမည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကောင်စီအဖွဲ့ဝင်များ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။

**❖ သတင်းမီဒီယာသမားများသည် လူသားများပင်ဖြစ်သည့်အတွက် လူ့သဘာဝအတိုင်း အကြိုက်မတူခြင်း၊ ပုဂ္ဂလဓိဋ္ဌာန်အစွဲများ ရှိနေတတ်ခြင်းကို မိမိတို့အနေဖြင့် နားလည်လက်ခံ**

**❖ သို့သော်လည်း နိုင်ငံ့အရေး၊ ပြည်သူ့အရေးကိစ္စများတွင် မိမိအကျိုးစီးပွား အပါအဝင် မိမိယူဆချက်၊ မိမိသဘောထားကို ရှေ့တန်းမတင်ဘဲ "အတ္တနောမတိ" ကင်းကင်းဖြင့် အရာရာကို ရေးသားရှုမြင်ဆင်ခြင်ပေးကြရန် တိုက်တွန်းလို**

*စာမျက်နှာ ၄ မှ*

**"မတူကွဲပြားမှုကို လက်ခံနိုင် ခြင်း"** ပင်ဖြစ်ကြောင်း၊ မိမိနှင့်အမြင်မတူ၊ အတွေးမတူ၊ အလုပ်မတူခြင်းများကို နားလည်လက်ခံပြီး အပြန်အလှန်ရပ်တည်နိုင်ခွင့်ကို လေးစားအသိအမှတ်ပြုသည့် ယဉ်ကျေးမှုတစ်ရပ်ကို မီဒီယာသမားတိုင်း လက်ခံကျင့်သုံးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

**အတတ်ပညာကွာဟမှုများရှိနေ**

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ တစ်လျှောက်နှင့် လွတ်လပ်ရေးရပြီး ကာလတစ်လျှောက်တို့တွင် ခေတ်အမျိုးမျိုးဖြတ်သန်းခဲ့ရပြီး အမျိုးမျိုးသောဖိအားများကြောင့် ပြည်သူလူထုအတွင်း အသိပညာ၊ အတန်းပညာ၊ အတတ်ပညာကွာဟမှုများရှိနေကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတော်၏ လိုအပ်ချက်အရ တပ်မတော်သည် နိုင်ငံ့တာဝန်အရပ်ရပ်ကို ထမ်းဆောင်နေရချိန်လည်း ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နေချိန်တွင် ကျင့်ဝတ်သိက္ခာမဲ့သည့် ပြည်ပသြဇာခံမီဒီယာသမားများသည် ခေတ်အမျိုးမျိုးက ဖြတ်သန်းလာခဲ့ရသည့် ပြည်သူလူထုကို သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများနှင့် မှိုင်းတိုက်ပြီး အတွေးအမြင်များ မှားလာအောင်၊ အယူအဆများ လွဲလာအောင် လုပ်ဆောင်နေကြကြောင်း။

ယင်းနှင့်ပတ်သက်၍ ပြောလိုသည်မှာ သတင်းမီဒီယာသမားများသည် လူသားများပင်ဖြစ်သည့်အတွက် လူ့သဘာဝအတိုင်း အကြိုက်မတူခြင်း၊ ပုဂ္ဂလဓိဋ္ဌာန်အစွဲများ ရှိနေတတ်ခြင်းကို မိမိတို့အနေဖြင့် နားလည်လက်ခံကြောင်း၊ သို့သော်လည်း နိုင်ငံ့အရေး၊ ပြည်သူ့အရေးကိစ္စများတွင် မိမိအကျိုးစီးပွား အပါအဝင် မိမိယူဆချက်၊ မိမိသဘောထားကို ရှေ့တန်းမတင်ဘဲ "အတ္တနောမတိ" ကင်းကင်းဖြင့် အရာရာကို ရေးသားရှုမြင် ဆင်ခြင်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ထို့ပြင် "အစွဲ" တစ်ခုကို လက်ကိုင်ပြုပြီး ဓမ္မဓိဋ္ဌာန်ကျကျမရှုမြင်ဘဲ မိမိထင်ရာ မြင်ရာ ယုံကြည်ရာကိုသာ ဇောင်းပေးပြောဆိုခြင်းများ၊ အခြားတစ်ဖက်၏ မတူကွဲပြားသည့် အတွေးအမြင်များ၊ ယုံကြည်မှုများကို မျက်ကွယ်ပြုပြီး အမုန်းစကား အခြေခံများဖြင့်သာ ထုတ်လွှင့်ဖော်ပြနေမည်ဆိုပါက ဖြောင့်မတ်တည်ကြည်မှုကင်းမဲ့သည့် သတင်းမီဒီယာသမားများအဖြစ် မှတ်ယူခံရနိုင်သည်ကို သတိပြုပေးကြရန် အသိပေးပြောကြားလိုကြောင်း။

သတင်းမီဒီယာဥပဒေတွင်ပါသည့် သတင်းမီဒီယာကောင်စီ၏ အဓိကလုပ်ငန်းတာဝန်များကို ပြန်ကြည့်ပါက သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးရန်၊ သတင်းမီဒီယာလုပ်ငန်းသုံးပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် အဆင်ပြေချောမွေ့အောင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးရန်၊ သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ စီစဉ်ကျင်းပပေးရန်၊ သတင်းဆိုင်ရာထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ သတင်းမီဒီယာလုပ်ငန်း တိုးတက်ရေးအတွက် စီမံချက်များ ရေးသားဆောင်ရွက်ရန် စသည့်အချက်များကို တွေ့ကြရမည်ဖြစ်ကြောင်း။

**အောင်မြင်စွာထမ်းဆောင်**

ယင်းတာဝန်များကို ပြီးခဲ့သည့် သတင်းမီဒီယာကောင်စီအနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ခဲ့သည်ကို တွေ့ရသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း၊ အလားတူ ယခုသတင်းမီဒီယာကောင်စီအနေဖြင့် အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း၊ အောင်မြင်အောင် ထမ်းဆောင်ကြရန်လည်း တိုက်တွန်းလိုကြောင်း၊ မိမိအနေဖြင့် ပြောကြားလိုသည်မှာ စာပေပညာရှင်ကြီးများကိုဂုဏ်ပြုပြီး စာပေပညာရှင်ကြီးများ၏ စာပေလက်ရာမွန်များ၊ ၎င်းတို့၏အတ္ထုပ္ပတ္တိနှင့် ဖန်တီးရေးဖွဲ့ခဲ့သည့် အနုပညာပစ္စည်းများကို ခမ်းခမ်းနားနား ထုတ်ဖော်ပြသရန်နှင့် စာပေဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **"စာဆိုဗိမာန်"** ကြီးတစ်ခုကို စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း။

သတင်းစာဆရာဟုဆိုပါက မိမိတို့၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုလည်း သတင်းစာဆရာတစ်ဦးဟု ဆိုရမည်ဖြစ်ကြောင်း၊ အိုးဝေမဂ္ဂဇင်း အယ်ဒီတာဘဝနှင့် နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်ရန် တစ်မျိုးသားလုံးကို အမျိုးသားရေးစိတ်ဓာတ်များနိုးကြားအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလနှင့် နောက်ပိုင်းတွင် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ မြှင့်တင်ပေးနိုင်ရန် စာပေနှင့် အားထုတ်ခဲ့ကြသည့် စာပေပညာရှင်ကြီးများလည်း များစွာရှိပါကြောင်း၊ ထို့ကြောင့် ခေတ်အဆက်ဆက် တိုင်းကျိုးပြည်ကျိုး ထမ်းဆောင်ခဲ့ကြသည့် သတင်းစာဆရာကြီးများအားလုံးကို မိမိအနေဖြင့် လေးစားဂုဏ်ပြုပါကြောင်း။

**နည်းလမ်းရှာဖွေဆောင်ရွက်**

မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးများတွင် သက်ကြီးစာပေပညာရှင်ကြီးများ၊ သက်ကြီးအနုပညာရှင်ကြီးများကို အခါအားလျော်စွာ ထောက်ပံ့ကူညီမှုများ လုပ်ပေးနေသည်ကို တွေ့မြင်နေရကြောင်း၊ ၎င်းတို့ကဲ့သို့ပင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် သက်ကြီးအငြိမ်းစားသတင်းစာဆရာကြီးများအတွက် လိုအပ်သည့် ထောက်ပံ့ကူညီမှုများပြုပေးနိုင်ရန်နှင့် ၎င်းတို့၏အတွေ့အကြုံဗဟုသုတ၊ အတွေးအမြင်များကို နိုင်ငံတော်နှင့် မျိုးဆက်သစ်သတင်းသမားများအား လက်ဆင့်ကမ်း ဆောင်ရွက်ပေးနိုင်ရန်လည်း နည်းလမ်းရှာဖွေ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

စာနယ်ဇင်းပညာဆိုသည်မှာ ခက်ဖြာစီးဆင်းနေသည့် မြစ်ကြီးတစ်စင်းနှင့်တူသည်ဟု တင်စားပြောဆိုကြကြောင်း၊ စာပေကိုအခြေခံသည့် အနုပညာဖန်တီးမှုများ၊ လူသားများ၏ ဘဝနေထိုင်မှုနှင့် လူမှုစီးပွားဖြစ်ထွန်းမှုများ၊ လူ့အဖွဲ့အစည်း၏ စုဖွဲ့ဖြစ်တည်ပုံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုသမိုင်းကြောင်းများ စသည့် မြစ်လက်တက်များနှင့် ပေါင်းစုံစီးဝင်နေသကဲ့သို့ ဖြန့်ခွဲစီးဆင်းနေခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် စာနယ်ဇင်းသမား (သို့မဟုတ်) သတင်းမီဒီယာသမားတိုင်းသည် လောကကို ကောင်းကျိုးပြုပြီး လောကအကျိုး သယ်ပိုးကြရမည်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းအားလုံး၏ လူမှုဘဝများကို ဘက်မလိုက်ဘဲ ထင်ဟပ်ပြရမည်ဖြစ်ကြောင်း၊ မိမိလူမျိုး၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင်လည်း ထိန်းသိမ်းပေးကြရမည်ဖြစ်ကြောင်း။

သတင်းမီဒီယာအလုပ်ဆိုသည်မှာ ကျယ်ပြန့်သည့် သဘောရှိသည့်အတွက် ပုံစံတကျ ဘောင်ခတ်သတ်မှတ်ရန်မဖြစ်နိုင်သော်လည်း သတင်းမီဒီယာရေစီးကြောင်းတွင် ပါဝင်စီးမျောနေကြသူများ၏ အသိဉာဏ်ပညာများ၊ ဆင်ခြင်တုံတရားများဖြင့်သာ ထိန်းကျောင်းပဲ့ပြင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီကူးပြောင်းကာလ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အင်အားကြီးနိုင်ငံအချို့က လူ့အခွင့်အရေးများ၊ ဒီမိုကရေစီစံနှုန်းများနှင့် မိမိတို့နိုင်ငံကို အပြစ်ရှာပြောဆိုပြီး ၎င်းတို့လိုချင်သည့်ပုံစံပေါ်အောင် သွတ်သွင်းပုံဖော်ရန် ကြိုးပမ်းနေကြကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံနှင့် မကိုက်ညီသည့် ဒီမိုကရေစီစံနှုန်းများအပေါ် ရာနှုန်းပြည့်အခြေမပြုဘဲ နိုင်ငံ၏ပကတိအခြေအနေနှင့် လူမှုစီးပွားဖြစ်ထွန်းမှုများ၊ သမိုင်းကြောင်းတစ်လျှောက် တွေ့ကြုံခဲ့ရသည့် သမိုင်းပေးတာဝန် သင်ခန်းစာများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သာ အခြေခံစဉ်းစားပြီး မိမိတို့၏ပန်းတိုင်ကို ရဲရဲဝံ့ဝံ့ ဆက်လက်ချီတက်နေခြင်းဖြစ်ကြောင်း။

**ဝိုင်းဝန်းဆန့်ကျင်တားမြစ်ပေး**

ယင်းအခြေအနေတွင် စတုတ္ထမဏ္ဍိုင်ဟု အမည်ခံထားကြသည့် သတင်းမီဒီယာသမားများအနေဖြင့် **အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို သမာသမတ်ကျကျ၊ မှျမျှတတရေးသားဖော်ပြ ထုတ်လွှင့်ပေးကြရန်၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၏ အသုံးချခံလက်ကိုင်တုတ်မှ အဖြစ်မခံဘဲ နှောင်ကြိုးမဲ့စွာ ဆောင်ရွက်ပေးကြရန်၊ ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး နိုင်ငံနှင့်ပြည်သူအကျိုးကို ဦးထိပ်ထားပေးကြရန်၊ လွတ်လွတ်လပ်လပ် အမှီအခိုကင်းကင်း အရောင်အသွေးကင်းကင်းဖြင့် သတင်းမီဒီယာလောကအကျိုး သယ်ပိုးပေးကြရန်၊ တိုင်းပြည်မငြိမ်သက်အောင်၊ ဆူပူအုံကြွအောင် သွေးထိုးမှိုင်းတိုက်ထုတ်လွှင့်နေမှုများကိုလည်း ဝိုင်းဝန်းဆန့်ကျင်တားမြစ်ပေးကြရန် လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း** ပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကောင်စီအဖွဲ့ဝင်များသည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၀

**(၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

**(၇၆)နှစ် ပြည့်မြောက်သည့်နေ့ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်သည် ကုလသမဂ္ဂ အထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည့် (၇၆)နှစ် ပြည့်မြောက်သည့်နေ့ဖြစ်ကြောင်း၊ ယင်းနေ့ကို ဂုဏ်ပြုသတ်မှတ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့သည်လည်း (၇၆)နှစ်မြောက် အခါသမယကို ရောက်ရှိလာပြီဖြစ်ကြောင်း။

**အတည်ပြုထုတ်ပြန်နိုင်ခဲ့**

မိမိတို့ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ လွတ်လပ်ရေးရပြီး ယင်းနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုထုတ်ပြန်ခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights) ကို အတည်ပြုနိုင်ရေး မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့ကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ၁၉၄၆ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ကြပြီး (၂)နှစ်အကြာ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၌ အတည်ပြုထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ထောက်ခံအတည်ပြုခဲ့ရုံသာမက နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံသူ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များကို ထည့်သွင်းဖော်ပြထားကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အရေးကြီးသည့် လူ့အခွင့်အရေးစံများကို လိုက်လျောညီထွေစွာ ထည့်သွင်းပြဋ္ဌာန်းပေးထားသည်ကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်းတွင်လည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းဟူသည့် လူ့အခွင့်အရေးစံများ ဖော်ညွှန်းပါဝင်သည်ကို တွေ့နိုင်ကြောင်း၊ ယင်းအချက်များသည် မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ်တံဆိပ်အား ဂါရဝပြုပေးအပ်စဉ်။

အသိအမှတ်ပြု အလေးထားသော ထင်ရှားသည့်ဝိသေသလက္ခဏာများဖြစ်ကြောင်း။

**ပါဝင်ဆောင်ရွက်လျက်ရှိ**

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းရင်းသားပြည်သူများအကြား လူ့အခွင့်အရေးများကို ရရှိခံစားစေ‌ရေး ထိန်းလိုက်နာကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ထားပြီး နိုင်ငံအဆင့် အစီရင်ခံစာများ တင်သွင်းခြင်းနှင့် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review–UPR) တို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် နိုင်ငံသားများ၏ လူ့အခွင့်အရေး ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်းပြီး ဖွဲ့စည်းတည်ထောင်ထားခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း လူ့အခွင့်အရေးမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းတို့ကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ထွက်ပေါ်လာစေရေးရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

**အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

မိမိတို့အနေဖြင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူအားလုံးက လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မလွဲမသွေ ရှေ့ဆက်လျှောက်လှမ်းရမည်ဖြစ်သည့်အတွက် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို မဖြစ်မနေ အောင်မြင်စွာ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်မည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၇ သို့*

- **မိမိတို့အနေဖြင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိ**
- **အလားတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက လူ့အခွင့်အရေး ကော်မရှင်သီချင်းဖြင့် သရုပ်ဖော်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၆ မှ*

နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်နေခြင်းများသည် တိုင်းရင်းသားပြည်သူများရရှိမည့် လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများကို ပျက်ပြားအောင် ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများ၏ လူ့အခွင့်အရေးများကို လက်နက်ကိုင် အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ချိုးဖောက်နေကြခြင်းပင် ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးရရှိရန်နှင့် အေးချမ်းသာယာဝပြောစွာ နေထိုင်နိုင်ကြရန်အတွက် စည်းလုံးညီညွတ်ကြပြီး အဖျက်အမှောင့်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူအားလုံးက လက်တွဲဆန့်ကျင်တိုက်ဖျက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**အနာဂတ်ကိုဖန်တီးတည်ဆောက်**

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂ၏ဆောင်ပုဒ်မှာ **“Our Rights, Our Future, Right Now.” “တို့အခွင့်အရေး၊ တို့အနာဂတ်၊ ယခုကစလို့ ဆောင်ကြဉ်းအပ်”** ဖြစ်ကြောင်း၊ လူ့အခွင့်အရေးများကို စည်းကမ်းစနစ်နှင့်အညီ လိုက်နာကျင့်သုံးကြခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးတည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်ကမ္ဘာကြီးတွင် မငြိမ်သက်မှုနှင့် ပဋိပက္ခများ အပါအဝင် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်နေကြရကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှားလွန်မြောက်ရန်နှင့် ငြိမ်းချမ်းသာယာဝပြောပြီး တရားဥပဒေစိုးမိုးသည့် လောကတည်ဆောက်ရန်အတွက် စည်းကမ်းစနစ်ကျနမှုရှိသည့် လူ့အခွင့်အရေး လိုက်နာဆောင်ရွက်မှုများက ပံ့ပိုးဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ တန်းတူညီမျှမှုမရှိသည့်၊ ခွဲခြားဆက်ဆံသည့် စနစ်ပုံစံများသည် လူ့အခွင့်အရေးစံများနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း။

**အခွင့်အရေးများကိုဖော်ဆောင်**

တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးပျက်ပြားစေသည့် အမုန်းစကားများ၊ သတင်းမှားများ၊ လုပ်ကြံသတင်းများကို တန်ပြန်ဖယ်ရှားပြီး မျှတမှန်ကန်မှုရှိသည့်၊ စည်းစနစ်ကျသည့် အခွင့်အရေးများကို ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်မှသာလျှင် လူ့အခွင့်အရေးဆိုသည်မှာ ငြိမ်းချမ်းပြီး တန်းတူညီမျှသည့် ကမ္ဘာကြီးအတွက် အခြေခံကျသည့် ခွန်အားအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း။

**လက်တွဲပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ပါအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းသာယာမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး လူ့အခွင့်အရေးစံနှုန်းမြင့်မားသည့် နိုင်ငံဖြစ်လာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

**ဂါရဝပြုပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌက (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်တံဆိပ်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက လူ့အခွင့်အရေး ကော်မရှင်သီချင်းဖြင့် သရုပ်ဖော်ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်နှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် ၂၅-၁၀-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၀၅၅/ ၂၀၂၄ နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရယူရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ၃၀-၁၀-၂၀၂၄ ရက်နေ့ထုတ် သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၆-၁၂-၂၀၂၄ ရက်နေ့မှစတင်၍ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီမှ သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိသော စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)၊ မြဝတီရုပ်မြင်သံကြား(MWD)၊ မြန်မာ့အသံ (Radio)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.mining.gov.mm နှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YGEA)၏ Facebook လူမှုကွန်ရက်စာမျက်နှာတို့တွင် နေ့စဉ်ထုတ်ပြန်လျက်ရှိပါသည်။

ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် လုပ်ငန်းလိုင်စင်လျှောက်ထားမှုကို ၁၈-၁၁-၂၀၂၄ ရက်နေ့မှ စတင်လျှောက်ထားရန်ကြေညာထားရှိပြီးဖြစ်ပါသောကြောင့် အဆိုပါလျှောက်ထားမှုများကို ၁၇-၂-၂၀၂၅ ရက်နေ့အထိ (၃)လအတွင်း နောက်ဆုံးထား လျှောက်ထားရန်ဖြစ်ပါသည်။

ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီက ၆-၁၂-၂၀၂၄ ရက်နေ့မှစ၍ သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိသော စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate) ဖြင့် နေ့စဉ်ထုတ်ပြန်ခဲ့သော ဈေးနှုန်းအတိုင်း ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှု မပြု (မပြု) လုပ်သူများနှင့် ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို စတင်လျှောက်ထားနိုင်ကြောင်း ကြေညာခဲ့သည့် ၁၈-၁၁-၂၀၂၄ ရက်နေ့မှ ၁၇-၂-၂၀၂၅ ရက်နေ့အထိ (၃) လအတွင်း လျှောက်ထားခြင်း မရှိ(မရှိ)သောသူများသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

◆ *ကျောဖုံးမှ*

တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းချိန်မှစ၍ ယနေ့အထိ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်မှာ (၁၇) ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင် အစည်းအဝေး(၁၆)ကြိမ်အထိ ဆုံးဖြတ်ချက် ၅၆၀ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ချက်ချင်းလိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် စားသုံးသူများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ များစွာနစ်နာရသည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးအရေးယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် တရားမဝင်ကုန်သွယ်မှုကြောင့် နိုင်ငံတော်၏ အခွန်ငွေရရှိမှုလည်း များစွာဆုံးရှုံးနစ်နာရပါကြောင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကြောင့် ကုန်ကျစရိတ်များလည်းရှိကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုအပိုင်းအနေဖြင့် တရားမဝင်တင်သွင်းလာသော အရည်အသွေးမမီဘဲ ဈေးသက်သာသော ကုန်ကြမ်းပစ္စည်းများကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများတွင် အရည်အသွေးပြည့်မီခြင်းမရှိနိုင်သဖြင့် ပြည်တွင်းသုံးစွဲသူများကို ဘေးအန္တရာယ်ဖြစ်စေရုံသာမက ပြည်ပတင်ပို့မှုပိုင်းတွင်လည်း နိုင်ငံတကာဈေးကွက်၌ နှိုင်းယှဉ်ပါကလည်း အရည်အသွေးမမီသည့် ပို့ကုန်ပစ္စည်းများကြောင့် မိမိနိုင်ငံထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဝေစုရရှိမှု များစွာထိခိုက်နစ်နာစေနိုင်ကြောင်း။

### တရားမဝင်ကုန်သွယ်မှုများ ဖမ်းဆီးအရေးယူဆောင်ရွက်

အာမခံချက်မရှိဘဲ ဈေးပေါပေါဖြင့် တင်သွင်းလာသည့် အတု၊ အပ အရည်အသွေးမမီသည့် ကုန်ကြမ်းပစ္စည်းများကြောင့် ပြည်တွင်းထုတ်လုပ်မှုတွင်လည်း အရည်အသွေးမမီခြင်းကြောင့် ထုတ်ကုန်ပစ္စည်းများ နစ်နာဆုံးရှုံးနိုင်ကြောင်း၊ ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နေသည့် တရားမဝင်ကုန်သွယ်မှုများသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ ထိခိုက်နစ်နာရုံသာမက တရားမဝင်ကုန်သွယ်မှုကြောင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်စသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရသင့်ရထိုက်သော အခွန်အခများစွာ ဆုံးရှုံးနစ်နာစေပြီး နိုင်ငံ၏ GDP ကိုလည်း ကျဆင်းစေသည်ကို တွေ့ရှိရကြောင်း၊ တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံတော်၏ဝင်ငွေကို ထိခိုက်စေနိုင်ပြီး သုံးစွဲမှုအပိုင်းတွင်လည်း ဝင်ငွေ၊ ထွက်ငွေ မမျှတသည့်အတွက် ငွေကြေးဖောင်းပွမှုကိုလည်း ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် အရေးကြီးသည့်လုပ်ငန်းဖြစ်ပြီး ဦးဆောင်ကော်မတီ၊အထူးအဖွဲ့များကလည်း နိုင်ငံတော်အတွက် အဓိက အထောက်အကူပြုသည့်အဖွဲ့များဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုများကို ဆက်လက်ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### ထိရောက်စွာတားဆီးစစ်ဆေးအရေးယူ

တရားမဝင်ကုန်သွယ်မှု၏ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ကုန်သွယ်မှု၏နောက်ကွယ်တွင် လာဘ်ပေးလာဘ်ယူကိစ္စရပ်များကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းရည်နှင့် ဂုဏ်သိက္ခာကျဆင်းလာခြင်း၊ စာရိတ္တနှင့် စိတ်ဓာတ်များ လျော့ကျလာခြင်းတို့ကြောင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ကိုလည်း ထိခိုက်စေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားရေး မောင်းနှင်အားကောင်းမွန်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအဟန့်အတားဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကို ယခုထက် ပိုမိုထိရောက်စွာ တားဆီးစစ်ဆေးအရေးယူရန် လိုအပ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ထဲထဲဝင်ဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တစ်ဖက်ကလည်း နိုင်ငံတော်ကချမှတ်ထားသည့် ပို့ကုန်တိုးတက်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေး၊ ပြည်တွင်းထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးတို့ကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း။

နိုင်ငံတိုင်းရှိ အစိုးရများတွင် သက်တမ်းရှိပါကြောင်း၊ အစိုးရများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများအတွက် မူဝါဒချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့်လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးများကို မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးပိုင်းတွင် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ကန့်သတ်ချက်များ၊ အခက်အခဲများအပေါ် မည်ကဲ့သို့ အောင်မြင်စွာ ကျော်လွှားအကောင်အထည်ဖော်နိုင်မည်ကို စဉ်းစားလုပ်ဆောင်ခြင်းမရှိဘဲ တွေ့ကြုံရသည့် အခက်အခဲများအပေါ် လုပ်ငန်းမအောင်မြင်နိုင်ကြောင်း သုံးသပ်ပြီး လုပ်ငန်းများအကောင်အထည်ဖော်ရန် နှောင့်နှေးနေ၍မရဘဲ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များအနေဖြင့် ဒေသအလိုက်၊ လုပ်ငန်းအလိုက် ဆောင်ရွက်နိုင်သည့် ရရာနည်းလမ်းများကို ရှာဖွေရွေးချယ်ပြီး အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**❖ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ အစည်းအဝေး (၁၆)ကြိမ်အထိ ဆုံးဖြတ်ချက် ၅၆၀ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအထိ နှစ်နှစ်နှင့် ၁၁ လ ကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၁၇၂၅၈ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၃၇၉ ဒသမ ၂၄၇ ဘီလီယံ ဖမ်းဆီးရမိခဲ့**

### ပို့ကုန်တင်ပို့မှုမြင့်မားတိုးတက်စေရေး

မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆၄၁ ဘီလီယံ တင်ပို့နိုင်ခဲ့ရာ အဓိကပို့ကုန်များအနေဖြင့် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ နှမ်း၊ ကြက်သွန်၊ ရော်ဘာစိမ်း၊ ရေထွက်ပစ္စည်းများနှင့် သတ္တုတွင်းထွက်ပစ္စည်းများကို အဓိကတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုဝင်ဘာလအထိ ပို့ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၉ ဒသမ ၈၂၅ ဘီလီယံ တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပို့ကုန်တင်ပို့မှု မြင့်မားတိုးတက်စေရေးအတွက် ယခုဘဏ္ဍာနှစ်ဖြစ်သော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ထိထိမိမိဆောင်ရွက်နိုင်ရန် လိုအပ်မည့် သွင်းအားစုများ၊ တိရစ္ဆာန်အစားအစာများကိုလည်း သက်ဆိုင်ရာဌာနများအနေဖြင့် အချိန်မီရရှိနိုင်ရေးနှင့် အရည်အသွေးမီ အဆင့်အတန်းရှိသည့် ကုန်ကြမ်းပစ္စည်းရရှိရေးကို စီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ အစည်းအဝေး (၁၆)ကြိမ်အထိ ဆုံးဖြတ်ချက် ၅၆၀ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအထိ နှစ်နှစ်နှင့် ၁၁ လ ကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၁၇၂၅၈ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၃၇၉ ဒသမ ၂၄၇ ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ဖမ်းဆီးရရှိမှုများတွင် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံး၊ ကရင်ပြည်နယ်က ဒုတိယအများဆုံးနှင့် ကချင်ပြည်နယ်က တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများက အများဆုံးဖြစ်ပြီး လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်စည်တင်မော်တော်ယာဉ် ဖမ်းဆီးရရှိမှုများက ဒုတိယအများဆုံးနှင့် တတိယအများဆုံးသည် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်၊ လအလိုက် ဖမ်းဆီးရရှိမှုမှာ တစ်လထက်တစ်လ တိုးတက်ဖမ်းဆီးနိုင်ခဲ့သော်လည်း မိမိနိုင်ငံနှင့် ကုန်သွယ်ဖက် အိမ်နီးချင်းနိုင်ငံတို့၏ ပို့ကုန်/သွင်းကုန်လက်ခံစာရင်းများ တိုက်ဆိုင်စစ်ဆေးရာတွင်မူ မိမိနိုင်ငံ၏ ပို့ကုန်ပိုင်းမှာရော သွင်းကုန်လက်ခံပိုင်းမှာပါ အိမ်နီးချင်းနိုင်ငံ၏ စာရင်းဇယားအရ များစွာလျော့နည်းမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ဦးဆောင်ကော်မတီနှင့် အထူးအဖွဲ့များနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး တာဝန်ရှိသူအသီးသီးသည် တရားမဝင်ကုန်ပစ္စည်းများအား ယခုထက်ပို၍ လေးဆခန့် ထိထိရောက်ရောက် ဖမ်းဆီးနိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်နေသည်ကို ရှင်းရှင်းလင်းလင်း တွေ့ရမည်ဖြစ်ကြောင်း။

ပို့ကုန်တင်ပို့မှုအပိုင်းတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးကိုလည်း လမ်းညွှန်ထားပါကြောင်း၊ ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းက ဆောင်ရွက်နေသည့် MSMEs ကုန်ထုတ်လုပ်ငန်းများနှင့် ဆက်နွှယ်ထုတ်လုပ်သည့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရာတွင် တရားမဝင်ကုန်သွယ်မှုသည်လုပ်ငန်းရှင်များ အရည်အသွေးမီဈေးကွက်ဝင်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် များစွာအဟန့်အတားဖြစ်နေပြီး ထိခိုက်နစ်နာဆုံးရှုံးမှုများရှိနေနိုင်သည်ကို သတိပြုကြရန်လိုကြောင်း။

ထို့အပြင် တရားမဝင်ကုန်သွယ်မှုတားဆီးဖော်ထုတ်ရာတွင် သတင်းရရှိမှုသည် အရေးကြီးကြောင်း၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်း သတင်းရရှိမှု ၂၀၄ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၇၉ ကြိမ်၊ နောက်ကျသတင်းလေးကြိမ်၊ သတင်းမှန် ၁၂၁ ကြိမ်ဖြစ်ကြောင်း၊ သတင်းရရှိမှုများကြောင့် ဖမ်းဆီးရမိမှုအမှုတွဲ ၂၄၂ မှု နှင့် ဖမ်းဆီးရမိမှုတန်ဖိုးငွေကျပ် ၅ ဘီလီယံကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ သတင်းပေးပို့သည့် တာဝန်သိပြည်သူအရေအတွက် ယခုထက် ပိုမိုများပြားအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် မူပိုင်ခွင့်အေဂျင်စီနည်းဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများအတွက် မူပိုင်ခွင့်ရယူထားရန်လိုကြောင်း၊ တာဝန်ရှိသည့် အေဂျင်စီများကလည်း မူပိုင်ခွင့်ဆိုင်ရာ လျှောက်ထားမှုများ သတ်မှတ်ချိန်အတွင်း အလွယ်တကူရရှိအောင် ဆောင်ရွက်ပေးရန်နှင့် ဥပဒေချိုးဖောက်သူများကိုလည်း ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့ပြင် ဉာဏပစ္စည်း မူပိုင်ခွင့်ကိစ္စရပ်များတွင်လည်း ကျယ်ပြန့်ရှုပ်ထွေးရုံသာမက ပြင်းထန်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများ ဖြစ်ပေါ်စေကြောင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (OECD)၊ ကမ္ဘာ့ဉာဏပစ္စည်း မူပိုင်ခွင့်အဖွဲ့(WIPO)တို့၏ တွေ့ရှိချက်များအရ ကုန်စည်အတုများ ကုန်သွယ်မှုသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၅၀၉ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေး၏ ၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ကုန်စည်အတုအပနှင့် ခိုးကူးကုန်ပစ္စည်းများ ရောင်းဝယ်ခြင်းသည် အမြတ်အစွန်းများပြီး အန္တရာယ်နည်းပါးသည့်အတွက် လုပ်ကိုင်သူများပြားကြောင်း။

### တရားမဝင်ကုန်သွယ်မှုများတိုက်ဖျက်ဆောင်ရွက်

ပို့ကုန်တင်ပို့မှု မြင့်မားတိုးတက်စေရေး၊ MSMEs ကုန်ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေး၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် နိုင်ငံ့ဘဏ္ဍာအခွန်အခများ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနဆိုင်ရာများအနေဖြင့် အဂတိတရားကင်းကင်းရှင်းရှင်းဆောင်ရွက်ကြရန်နှင့် ပြည်သူလူထုနှင့် ကုန်သည်လုပ်ငန်းရှင်များအပိုင်းမှလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး နိုင်ငံတော်နှင့် ပြည်သူအားလုံးကို အကျိုးမပြုသည့် တရားမဝင်ကုန်သွယ်မှုများကို အတူတကွ ပူးပေါင်းပါဝင် တိုက်ဖျက်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၄/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၄)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

### ရှင်းလင်းဆွေးနွေးတင်ပြ

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန် နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဦးဆောင်သည့် ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOVဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဦးဆောင်သော ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံတို့သည် ကာလ်မီးကီယာပြည်နယ်အကြီးအကဲနှင့်အဖွဲ့အား နေပြည်တော်ရှိ M Gallery Hotel ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ယာပုံ)**



တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများ အပြန်အလှန်ဖလှယ်နိုင်ရေး၊ ၂၀၂၅ ခုနှစ်စက်တင်ဘာလတွင် ကာလ်မီးကီယာပြည်နယ်၌ ကျင်းပမည့် (၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာ ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းကူညီ ဆောင်ရွက်ပေးနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေး၊ စိုက်ပျိုးရေးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များ အပြန်အလှန်မျှဝေပေးနိုင်ရေး၊ ရုရှားတက္ကသိုလ်များတွင် မြန်မာဘာသာစကား ထည့်သွင်းသင်ကြားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပညာတော်သင်များ အပြန်အလှန်စေလွှတ်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူငယ်ရေးရာနှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ကာလ်မီးကီယာပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲ၍ ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ကာလ်မီးကီယာပြည်နယ်အကြီးအကဲနှင့် အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းကပ်လှူပူဇော်၍ အလှူငွေများလှူဒါန်းကြပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများ ကျွေးမွေးကြသည်။ **(အောက်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ကာလ်မီးကီယာပြည်နယ်အကြီးအကဲနှင့်အဖွဲ့အား M Gallery Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံရာ **(အောက်ပုံ)** ဧည့်ခံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဦးဆောင်သော ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် ကာလ်မီးကီယာပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**သတင်းစဉ်**







# ဒုတိယဝန်ကြီး ဦးကိုကိုကျော် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် ဌာနေကိုယ်စားလှယ်အသစ်တို့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့် မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ် Mr. Arnaud de Baecque တို့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကလေးသူငယ်သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအသိပညာပေးဆောင်ရွက်

**ပြည်ကြီးတံခွန် ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် အထက–၂၉ ကျောင်း၌ ယမန်နေ့နံနက်က ကလေးသူငယ်သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းက အမှာစကားပြောကြားပြီး အထက ၂၉ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုခင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်ပြီး ချမ်းအေးသာစံခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများကို သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် ကိစ္စရပ်များ ကျရောက်လာပါက ဆောင်ရွက်ရမည့်အစီအမံများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်ပုံအဆင့်ဆင့်နှင့် စာတွေ့လက်တွေ့သရုပ်ပြ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မောင်မွေး**



# ၈၀-၂၀ ဥပဒေသ အကြောင်းအကျိုး၊ အကောင်းအဆိုး

မောင်မောင်လင်း

ကျွန်တော်တို့အနေနဲ့ ရုတ်တရက်ကြည့်လိုက်မယ်ဆိုရင်တော့ လူအင်အား များများသုံးရင် ပိုပြီး အလုပ်တွင်မယ်၊ ဖောက်သည်များများ အားပေးရင် ရောင်းအားများလာတာနဲ့အမျှ အမြတ်အစွန်းများများ ရမယ်၊ အချိန်များများပေးလိုက်ရင် အကျိုးများများ ရရှိမယ်ဆိုတာမျိုး ဖြစ်ပါတယ်။ ဒါပေမယ့် လက်တွေ့မှာ အဲဒီလိုမျိုးမဟုတ်ဘဲ ကိုယ့်ရဲ့ စိုက်ထုတ်လိုက်ရတာနဲ့ အချိုးမညီမျှတဲ့ တုံ့ပြန်မှုရလဒ်တွေ ထွက်ပေါ်လာတတ်တာနဲ့ သက်ဆိုင်တဲ့ Pareto Principle (80/20 Rule) ကို မိတ်ဆက်ပေးလိုပါတယ်။

**၈၀-၂၀ ဥပဒေသ (80/20 Rule) ဆိုရာမှာ**

ဒီဥပဒေသလေးကို ၁၈၉၆ ခုနှစ်ဝန်းကျင်မှာ အီတလီနိုင်ငံက စီးပွားရေးပညာရှင် Vilfredo Pareto ဆိုတဲ့သူ စတင်ဖော်ထုတ်ခဲ့တာဖြစ်လို့ Pareto Principle လို့လည်း အသိများကြပါတယ်။ ဒီဥပဒေသကတော့ ရလဒ်အကျိုးတရား စုစုပေါင်းရဲ့ ၈၀ ရာခိုင်နှုန်းဟာအကြောင်းတရား ၂၀ ရာခိုင်နှုန်းကနေ ရရှိလာတာဖြစ်ပြီး အဲဒါကလည်း အကြောင်းအရာ ကိစ္စတော်တော်များများမှာ မှန်ကန်နေတယ်လို့ ဆိုပါတယ်။

အဲဒီအချိန်တုန်းက အီတလီနိုင်ငံမှာရှိတဲ့ မြေ ၈၀ ရာခိုင်နှုန်းကို ၂၀ ရာခိုင်နှုန်းသော သူဌေးတွေက ပိုင်ဆိုင်နေတာကို သတိထားမိခဲ့ရာက အစပြုခဲ့တာ ဖြစ်ပါတယ်။ နောက်ထပ်စူးစိုက်လေ့လာခဲ့ရာ ချမ်းသာကြွယ်ဝမှုမှာလည်း အီတလီနိုင်ငံ ဓနအင်အားရဲ့ ၈၀ ရာခိုင်နှုန်းကို လူချမ်းသာ ၂၀ ရာခိုင်နှုန်းကသာ ပိုင်ဆိုင်ထားတာကို တွေ့ရှိပြန်ပါတယ်။ အခြားဥရောပနိုင်ငံတွေမှာလည်း အဲဒီလိုမျိုး မညီမျှတဲ့ ခွဲဝေမှု ရှိနေတာကိုလည်း တွေ့ရှိခဲ့ပါတယ်။ ဒါတင်မက သူ့ရဲ့ဥယျာဉ်ထဲက သစ်တော်သီး ၈၀ ရာခိုင်နှုန်းကို အပင် ၂၀ ရာခိုင်နှုန်းကသာ ထုတ်လုပ်နေတယ်ဆိုတာကို တွေ့ရှိခဲ့တယ်လို့ ဆိုပါတယ်။

**ဆင့်ကဲဖွံ့ဖြိုးတိုးတက်လာမှုနဲ့ လက်တွေ့နယ်ပယ်မှာ အသုံးချမှုများ**

အဲဒီဥပဒေသရဲ့ Concept အရ အစိတ်အပိုင်းငယ်လေးရဲ့ အကျိုးပြုမှုဟာ အချိုးမညီမျှစွာနဲ့ ကြီးမားတဲ့ထိရောက်မှု ဖြစ်စေနိုင်တယ်ဆိုတာကို မြင်သာစေချင်တာပဲ ဖြစ်ပါတယ်။ ဖြစ်ချင်တော့ အဲဒီတုန်းက လူတွေက ဒါကို ဒီလောက်ကြီးသတိမမူမိခဲ့သလို ဒီဥပဒေသ အသုံးဝင်တဲ့ အကြောင်းကိုလည်း မသိခဲ့ကြပါဘူး။ သူဖော်ထုတ်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်အကြာ ၂၀ ရာစုအလယ်ကာလသို့ ရောက်ရှိလာချိန်မှာတော့ Dr. Joseph M. Juran ဆိုတဲ့ ထင်ရှားတဲ့စီမံခန့်ခွဲမှုနဲ့ အရည်အသွေးထိန်းကျောင်းမှုပညာရှင်က ဒီဥပဒေသကို အသုံးပြုပြီး ကုမ္ပဏီတွေရဲ့ တိုးတက်မှုအတွက် အရေးပါတဲ့ နယ်ပယ်တွေကို ဖော်ထုတ်ခဲ့ပါတယ်။

သူက ဒီဥပဒေသကို Pareto Principle သို့မဟုတ် Law of the Vital Few လို့အမည်တပ်ခဲ့ပြီး သေးငယ်သော အစိတ်အပိုင်းလေးတွေကနေပြီး ရလဒ်ကြီးတွေ ပေါ်ထွက်လာတာကို သက်သေပြဖို့ ကြိုးစားခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းတွေရဲ့ Total Quality Management(TQM) အပိုင်းမှာ ထိခိုက်ဆုံးရှုံးမှု များပြားနေတာမျိုး၊ ထိရောက်အကျိုးမရှိဖြစ်နေတာမျိုးတွေရဲ့ အကြောင်းရင်းခံကို ဒီဥပဒေသကို အသုံးပြုပြီး ရှာဖွေဖော်ထုတ်ဖို့ ရှေ့ဆောင်လမ်းပြခဲ့ပါတယ်။ ဥပမာအားဖြင့် ၁၉၄၀ နဲ့ ၅၀ ပြည့်နှစ်ကာလတွေမှာ တွင်တွင်ကျယ်ကျယ် သုံးစွဲခဲ့တဲ့ အရောင်းပမာဏစုစုပေါင်းရဲ့ ၈၀ ရာခိုင်နှုန်းဟာ ဖောက်သည် ၂၀ ရာခိုင်နှုန်းထံမှသာ ရရှိတယ်ဆိုတဲ့ စည်းမျဉ်းထွက်ပေါ်လာခဲ့ပါတယ်။ ဒါကြောင့်လည်း Gucci တို့၊ Louis Vuitton (LV) တို့က အထက်တန်းလွှာဖောက်သည်တွေအတွက် တန်ဖိုးမြင့်ထုတ်ကုန်တွေနဲ့ အရောင်းပမာဏမြှင့်တင်နေကြတာ ဖြစ်ပါတယ်။

ဒီစည်းမျဉ်းကိုပဲ အချိန်စီမံခန့်ခွဲမှုမှာ အသုံးချလိုက်တဲ့အခါကြတော့ လုပ်ဆောင်ခဲ့တဲ့ အလုပ်တွေရဲ့ ၂၀ ရာခိုင်နှုန်းကသာ ကုန်ထုတ်စွမ်းအားစုကြီးတစ်ခုလုံးရဲ့ ၈၀ ရာခိုင်နှုန်းအပေါ် အကျိုးပြုစေတယ်ဆိုတာမျိုး၊ ဆော့ဖ်ဝဲလ်တွေမှာ အဓိကပြဿနာပေးနေတဲ့ Bugs တွေကို ရှာဖွေတွေ့ရှိ ဖြေရှင်းပေးရမယ်ဆိုတာမျိုးတွေ တွေ့ရှိလာပါတယ်။ ဒ့ါအပြင် သူက ၈၀-၂၀ ဆိုတဲ့ အချိုးဟာ တစ်သမတ်တည်း ဖြစ်နေတာမျိုး မဟုတ်ဘဲ အကြောင်းအရာနဲ့ အခြေအနေကိုလိုက်ပြီး ၉၀-၁၀၊ ၇၀-၃၀ စသည်ဖြင့် ပြောင်းလဲနိုင်တာကိုလည်း ဖော်ထုတ်ပေးခဲ့သလို သူ့ရဲ့ပုံစံကို ပြုပြင်ထားတဲ့ 64/4 ဆိုတဲ့စည်းမျဉ်းကို သင်္ချာပညာရှင်တွေက တီထွင်ခဲ့တာမျိုးလည်း ရှိပါတယ်။ အဲဒီနောက်ပိုင်း Pareto Principle ကို ကိုယ်ရည်ကိုယ်သွေး ကိုယ်တိုင်မြှင့်တင်မှုနဲ့ စီးပွားရေးဆိုင်ရာ စာအုပ်တွေမှာ ၁၉၉၀ ပြည့်နှစ်မှစပြီး ယနေ့ကာလအထိ တွင်တွင်ကျယ်ကျယ် ထည့်သွင်းရေးသားလာခဲ့ကြပါတယ်။

**ကဏ္ဍစုံအသုံးချနိုင်မှုဆိုရာမှာ**

ယခုဆိုရင် ဒီဥပဒေသကို စီးပွားရေး၊ လူမှုရေး၊ ဆုံးဖြတ်ချက်ချမှတ်မှုနဲ့ ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှု အပါအဝင်ကဏ္ဍအစုံမှာ ပေါင်းစည်းအသုံးချလာခဲ့ကြတာကို တွေ့ရှိနေရပါတယ်-

(က) **အစိုးရကဏ္ဍ။** ပြည်သူ့ဘဏ္ဍာငွေ သုံးစွဲနေမှုအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းမှာ အများပြည်သူနဲ့ သက်ဆိုင်တဲ့ ကဏ္ဍအားလုံးရဲ့ ၂၀ ရာခိုင်နှုန်းပဲ ပါဝင်နေတာမျိုးနဲ့ နိုင်ငံအနည်းငယ်ရဲ့ Greenhouse Gas Emissions ဟာ ကမ္ဘာကြီးတစ်ခုလုံး ထုတ်လွှတ်မှုပမာဏရဲ့ အများစု ဖြစ်နေတာမျိုး ဖြစ်ပါတယ်။

> ❖ **အိမ်ရှင်မတွေအနေနဲ့လည်း အိမ်အသုံးစရိတ်ရဲ့ ၈၀ ရာခိုင်နှုန်းဟာ ၂၀ ရာခိုင်နှုန်းသော ပစ္စည်းတွေအတွက် ဖြစ်နေတတ်ပါတယ်။ ဒါကြောင့် အိမ်သုံးစရိတ်ကို လျှော့ချင်တယ်ဆိုရင် ဘယ်နေရာမှာ လျှော့ချသင့်လဲဆိုတာကို ဒီဥပဒေသနဲ့ ကြည့်လို့ရပါတယ်**
>
> ❖ **The Long Tail Model ကြောင့် စီးပွားရေးလုပ်ငန်းတွေဟာ ထုတ်ကုန်အမျိုးမျိုးကို ထုတ်လုပ်ဖို့ ရှေးရှုလာစေပါတယ်။ အရောင်းရဆုံး ထုတ်ကုန်တွေအပေါ်မှာပဲ အာရုံစိုက်မှာ မဟုတ်တော့ဘဲ အထူးဈေးကွက်တွေဆီကိုလည်း ခြေလှမ်းပြင်လာစေပါတယ်။ ဒါကြောင့် စားသုံးသူတွေအနေနဲ့ ရွေးချယ်စရာ ကုန်ပစ္စည်းအမျိုးမျိုးရှိလာသလို ဈေးဝယ်သူတွေရဲ့ စိတ်ကျေနပ်မှုကိုလည်း မြင့်မားလာစေပါတယ်။ ဒီပြောင်းလဲမှုကြောင့် ထုတ်ကုန်အသစ်အဆန်းတွေကို တီထွင်ထုတ်လုပ်လာနိုင်သလိုပဲ ဝင်ငွေလမ်းကြောင်းအသစ်တွေကိုလည်း ဖွင့်လှစ်လာနိုင်မှာ ဖြစ်ပါတယ်**

( ခ ) **လုပ်ငန်းစီမံခန့်ခွဲမှု။** လုပ်ငန်းနှောင့်နှေးမှု ၈၀ ရာခိုင်နှုန်းဟာ လုပ်ငန်းအမျိုးအစားအားလုံးရဲ့ ၂၀ ရာခိုင်နှုန်းမှာ ဖြစ်ပေါ်လေ့ရှိတာမျိုးနဲ့ ဝန်ထမ်း ၂၀ ရာခိုင်နှုန်းကသာ ကုမ္ပဏီရဲ့ လုပ်အား ၈၀ ရာခိုင်နှုန်းကို လုပ်ဆောင်နေတာမျိုးတို့ပဲ ဖြစ်ပါတယ်။

( ဂ ) **ရောင်းအား။** အဲဒီလိုပဲ ကုမ္ပဏီတစ်ခုလုံး စုစုပေါင်း ရောင်းအားရဲ့ ၈၀ ရာခိုင်နှုန်းဟာ Marketing အဖွဲ့ ဆယ်ဖွဲ့ ရှိတဲ့အထဲက နှစ်ဖွဲ့ပေါင်းရဲ့ ရလဒ်သာ ဖြစ်နေတာမျိုးနဲ့ စားသုံးသူ ၈၀ ရာခိုင်နှုန်းဟာ ကုန်အမျိုးအမည်တွေထဲက ၂၀ ရာခိုင်နှုန်းကိုသာ ပိုမိုအားပေးနေတာမျိုးတို့ ဖြစ်ပါတယ်။

(ဃ) **နည်းပညာ။** တစ်ကမ္ဘာလုံးက အင်တာနက်အသုံးပြုချိန်အားလုံးရဲ့ ၈၀ ရာ ခိုင်နှုန်းဟာ ၂၀ ရာခိုင်နှုန်းသော Website တွေမှာသာ သုံးစွဲနေတာမျိုး ဖြစ်ပါတယ်။

( င ) **ကျန်းမာရေး။** ရောဂါဘယဖြစ်ပွားမှုအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းဟာ ၂၀ ရာခိုင်နှုန်းသော အစားအသောက်၊ အနေအထိုင်၊ ကိုယ်လက်လှုပ်ရှားမှုနဲ့ စိတ်ဖိစီးမှုစတဲ့ Lifestyle ဆိုင်ရာ အကြောင်းရင်းခံတွေကြောင့် ဖြစ်ရတာဆိုတာမျိုး ဖြစ်ပါတယ်။

( စ ) **လုံခြုံရေး။** လုပ်ငန်းခွင်မှာ ဖြစ်ပေါ်တဲ့ မတော်တဆမှု ၈၀ ရာခိုင်နှုန်းခန့်ကလည်း အန္တရာယ်အမျိုးအစား ၂၀ ရာခိုင်နှုန်းထဲကမှ ဖြစ်ပေါ်နိုင်ပါတယ်။ အဲဒီလိုပဲ ဖြစ်ပွားခဲ့တဲ့ ရာဇဝတ်မှုတွေရဲ့ ၈၀ ရာခိုင်နှုန်းခန့်ကို ၂၀ ရာခိုင်နှုန်းသော ရာဇဝတ်သားတွေက ကျူးလွန်ကြသလို ယာဉ်မတော်တဆဖြစ်ပွားမှုရဲ့ ၈၀ ရာခိုင်နှုန်းကလည်း ၂၀ ရာခိုင်နှုန်းသော ယာဉ်မောင်းသူတွေကြောင့် ဖြစ်တယ်ဆိုတာကိုလည်း ယနေ့အချိန်မှာ ဖော်ထုတ်တွေ့ရှိထားပါတယ်။

(ဆ) **ပုဂ္ဂိုလ်ရေးထိရောက်မှု။** မိတ်ဆွေတွေနဲ့ ထိတွေ့ဆက်ဆံချိန် ၈၀ ရာခိုင်နှုန်းကို မိတ်ဆွေအားလုံးရဲ့ ၂၀ ရာခိုင်နှုန်းနဲ့သာ အချိန်ဖြုန်းမိနေတာမျိုးနဲ့ ဘဝတစ်လျှောက်လုံး မှတ်သားမိတဲ့ ၈၀ ရာခိုင်နှုန်းဟာ သင်ယူလေ့လာခဲ့မှု အားလုံးရဲ့ ၂၀ ရာခိုင်နှုန်းထဲကပဲ ရှိတာမျိုးတို့ပဲ ဖြစ်ပါတယ်။

( ဇ ) **ကုန်ပစ္စည်းသိုလှောင်ထိန်းသိမ်းမှု။** ကုန်လက်ကျန်တန်ဖိုးရဲ့ ၈၀ ရာခိုင်နှုန်းခန့်ဟာ ကုန်အမျိုးအစား ၂၀ ရာခိုင်နှုန်းရဲ့ တန်ဖိုးနဲ့ ချိတ်ဆက်နေတာမျိုးကိုလည်း တွေ့နိုင်ပါတယ်။

( ဈ ) **အချိန်စီမံခန့်ခွဲမှု။** အစည်းအဝေးဆုံးဖြတ်ချက် ၈၀ ရာခိုင်နှုန်းဟာ အစည်းအဝေးကျင်းပတဲ့ကြာချိန် စုစုပေါင်းရဲ့ ၂၀ ရာခိုင်နှုန်းအတွင်းမှာသာ လုပ်ဆောင်နေတာမျိုး ဖြစ်ပါတယ်။

ဒီဥပဒေသကို နေ့စဉ်ဘဝနဲ့ ကြည့်မယ်ဆိုရင်လည်း ဥပမာအားဖြင့် ကျွန်တော်တို့မှာ အင်္ကျီအထည် နှစ်ဆယ်ရှိတယ်ဆိုရင် လေးထည်လောက်ကိုပဲ ထပ်ခါတလဲလဲ ဝတ်ဖြစ်နေမိလိမ့်မယ်။ ကျန်တာတွေကို ဝတ်တာနည်းမယ်။ စာသင်သားတွေဟာ သင်ရိုးစာအုပ်ပါ အခန်းတွေထဲကမှ အရေးကြီးတဲ့ ၂၀ ရာခိုင်နှုန်းကို အပိုင်ကျက်မယ်။ ဒါဆို အမှတ် ၈၀ ရနိုင်သွားပေမယ့် အမှတ် ၁၀၀ ရဖို့ကတော့ စာတွေအကုန်ကျက်ရမှာ ဖြစ်ပါတယ်။

အဲဒီလိုပဲ အိမ်ရှင်မတွေအနေနဲ့လည်း အိမ်အသုံးစရိတ်ရဲ့ ၈၀ ရာခိုင်နှုန်းဟာ ၂၀ ရာခိုင်နှုန်းသော ပစ္စည်းတွေအတွက် ဖြစ်နေတတ်ပါတယ်။ ဒါကြောင့် အိမ်သုံးစရိတ်ကို လျှော့ချင်တယ်ဆိုရင် ဘယ်နေရာမှာ လျှော့ချသင့်လဲဆိုတာကို ဒီဥပဒေသနဲ့ ကြည့်လို့ရပါတယ်။ နောက်ဥပမာအနေနဲ့ ရပ်ကွက်ထဲက ကုန်စုံဆိုင်တစ်ဆိုင်မှာ တင်ထားတဲ့ ကုန်ပစ္စည်းအမျိုးပေါင်း ၁၀၀ ရှိရင် အဲဒီဆိုင်ဝင်ငွေရဲ့ ၈၀ ရာခိုင်နှုန်းဟာ အဲဒီ ၁၀၀ ထဲက အမျိုး၂၀ ကိုပဲ ရောင်းလို့ရတာမျိုး ဖြစ်နေတာကြောင့် ငွေအိပ်နေတဲ့ ကုန်ပစ္စည်းအမျိုးအစားကို သိနိုင်ပါတယ်။

**အားသာချက်နဲ့ ကန့်သတ်ချက်များ**

ဒီဥပဒေသရဲ့ အားသာချက်တွေကတော့-

(က) **တိကျစွာမြှင့်တင်နိုင်မှု။** အကျိုးပြုထိရောက်မှုရှိတဲ့ လုပ်ငန်းနယ်ပယ်နဲ့ ဖောက်သည်တွေကို ဖော်ထုတ်ပြီး ဦးစားပေးမှု လုပ်ဆောင်နိုင်တာကြောင့် တစ်ဦးချင်း၊ ဒါမှမဟုတ် အသင်းအဖွဲ့အစည်းတွေအနေနဲ့ သူတို့ရဲ့ အချိန်နဲ့ လုပ်အားကို ပိုမို အကျိုးရှိထိရောက်အောင် အသုံးချနိုင်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် အရောင်းမြှင့်တင်ရေးအဖွဲ့တွေဟာ ဝယ်လိုအား မြင့်မားတဲ့ ဖောက်သည်တွေကို ဦးစားပေးဆွဲဆောင်သိမ်းသွင်းတာမျိုး ဖြစ်ပါတယ်။

( ခ ) **အကျိုးရှိထိရောက်မှု။** တကယ်အရေးပါတဲ့ ထိပ်ဆုံး ၂၀ ရာခိုင်နှုန်းအပေါ်မှာ အာရုံစိုက်ပြီး အင်အားပုံအောလုပ်ဆောင်တာမျိုးကြောင့် အရင်းနည်းနည်းနဲ့ အမြတ်များများရယူနိုင်တာမျိုး ဖြစ်ပေါ်စေပါတယ်။ Amazon ဆိုရင် ဘယ်ကုန်ပစ္စည်းက ဝယ်ယူသူတွေ အကြိုက်ဆုံးဖြစ်မယ်ဆိုတာကို သုတေသနလုပ်ထားပြီး များများသိုလှောင်ထားကာ များများရောင်းထွက်မယ့် ဈေးကွက်ဗျူဟာလည်း ရေးဆွဲအကောင်အထည်ဖော်လျက် ရှိပါတယ်။

*စာမျက်နှာ ၁၁ သို့*

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အသက်(၂၁)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၀**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အသက်(၂၁)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ လူမှုရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ် အမှုဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်း ဒေါ်သန်းသန်းက အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ် အမှုဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်း ဒေါ်ဂျနီဖာတင်လေးက အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အမျိုးသား မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ချီးမြှင့်သည်။

ဆက်လက်၍ ကျန်ရှိသည့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို အားကစားနည်းများအလိုက် ကျင်းပ၍ ဆုရရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား ဆုများပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ် အမှုဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်း ဒေါ်နုနုရီက အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင်ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်း ဦးသန့်ဇင်က အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်း ဒေါ်မာမာမင်းက အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်း ဒေါ်သန်းသန်းက အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ချီးမြှင့်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားများကို ဒီဇင်ဘာ ၁၁ ရက်တွင် သတ်မှတ်ထားသည့် အားကစားရုံနှင့် အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

(ဂ) **ကဏ္ဍစုံအသုံးတည့်မှု။** ရှေ့မှာဖော်ပြခဲ့တဲ့အတိုင်း အသုံးချလို့ ရပါတယ်။

**ကန့်သတ်ချက်နဲ့ အားနည်းချက်များ**

ဒီဥပဒေသရဲ့ ကန့်သတ်အားနည်းချက်တွေကတော့-

(က) **တရားသေမှတ်ယူနိုင်မှုမရှိခြင်း။** ၈၀-၂၀ ဆိုတာ ယေဘုယျ Guide Line ပဲ ဖြစ်တာကြောင့် အမြဲတမ်း ပုံသေတစ်သမတ်တည်း မမှတ်ယူဖို့ ဖြစ်ပါတယ်။ ဥပမာအားဖြင့် အချို့သော နည်းပညာဆိုင်ရာ လုပ်ငန်းသစ်တွေအနေနဲ့ ၉၀-၁၀ အချိုးမျိုးနဲ့ ဖော်ဆောင်သင့်ပါတယ်။

(ခ) **လေးနက်မှုမရှိခြင်း။** ရှုပ်ထွေးနက်နဲတဲ့ စနစ်တွေဟာ အဲဒီလိုမျိုး လွယ်ကူရိုးရှင်းလွန်းတဲ့ ဥပဒေသတွေနဲ့ အံဝင်ခွင်ကျမှု မရှိလှပါ။ ဆန်းသစ်တီထွင်မှုနဲ့ ဖန်တီးမှုပါရှိတဲ့ လုပ်ငန်းတွေမှာ အခုလိုမျိုး ကျဉ်းမြောင်းလှတဲ့ အာရုံစိုက်လုပ်ဆောင်မှုမျိုးကြောင့် ကျယ်ပြောတဲ့ အောင်မြင်မှုအလားအလာအပေါ် ထိခိုက်စေမှာ ဖြစ်ပါတယ်။

(ဂ) **အများစုအပေါ်မျက်ကွယ်ပြုခြင်း။** အနည်းစုအပေါ်မှာသာ အာရုံစိုက်ပြီး အများစုအပေါ် မျက်ကွယ်ပြုထားတာမျိုး ဖြစ်နေပါတယ်။ ဥပမာအားဖြင့် အချို့သော ရုပ်ရှင်ကားဟာ မြို့ကြီးတွေရှိ ရုပ်ရှင်ရုံမှာ လာရောက်ကြည့်ရှုသူ ပရိသတ် အကြိုက်လေးပဲရရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာထိ မပေါက်တာမျိုး ဖြစ်သွားတတ်ပါတယ်။

(ဃ) **အစဉ်ပြောင်းလဲနေခြင်း။** အရေးကြီးတဲ့ ၂၀ ရာခိုင်နှုန်းဆိုတာကလည်း အချိန်နဲ့အမျှ ပြောင်းလဲနေမှာဖြစ်တာကြောင့် ခေတ်ကာလရေစီးကြောင်းအပေါ် မျက်ခြည်ပြတ်မခံဘဲ စဉ်ဆက်မပြတ် အကဲဖြတ်နေရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် Social Media အပေါ် ဩဇာလွှမ်းမိုးသူတွေကြောင့် စိတ်ခံစားမှုနဲ့ အကြိုက်တွေ ပြောင်းလဲလိုက်ပါစီးမျောနေတာမျိုး ဖြစ်ပါတယ်။

ဒါကြောင့် ဒီဥပဒေသကို ထိရောက်မှုနဲ့ လုပ်အားစိုက်ထုတ်မှုတို့မှာ အသုံးဝင်တယ် ဆိုပေမယ့်လည်း ကန့်သတ်အားနည်းချက်အပေါ် သတိမူမိစေဖို့အတွက် Model တစ်ခုနဲ့ ရှင်းပြလိုပါတယ်။

**အမြီးရှည်စံနမူနာ (The Long Tail Model) ဆိုရာဝယ်**

ဒါကတော့ ၂၀၀၄ ခုနှစ်တုန်းက Chris Anderson ရေးသားတဲ့ "The Long Tail" စာအုပ်မှာ မိတ်ဆက်ပေးခဲ့တဲ့ စီးပွားရေးအယူအဆ ဖြစ်ပါတယ်။ အင်တာနက်ကနေတစ်ဆင့် လုပ်ငန်းတွေ၊ ဈေးကွက်တွေကို အဆင်ပြေသွားအောင်၊ အကျိုးအမြတ်ဖြစ်သွားအောင် စီမံခန့်ခွဲနိုင်တယ်ဆိုတာကို ဖော်ထုတ်ပေးခဲ့ပါတယ်။ အင်တာနက်ပေါ်မှာ ရောင်းချဖို့ ကမ်းလှမ်းထားတဲ့ အရာအားလုံးနီးပါးကို အမှန်တကယ် ရောင်းချနိုင်စွမ်းရှိတယ်ဆိုတဲ့ ဒီအယူအဆဟာ ဆန်းသစ်မှုများစွာ ဖြစ်ပေါ်ခဲ့တာကြောင့် **"ထုတ်ကုန်များရဲ့ ၂၀ ရာခိုင်နှုန်းကသာ ဈေးကွက်မှာ လည်ပတ်နေတဲ့ စုစုပေါင်း အရောင်းအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းဖြစ်တယ်ဆိုတဲ့ အယူအဆမျိုးနဲ့ အမြတ်အစွန်းရရှိနိုင်တဲ့ ထုတ်ကုန်အနည်းငယ်အပေါ်မှာသာ အာရုံစိုက်ပြီး လုပ်ဆောင်ရမယ်"** ဆိုတဲ့ Pareto Principle ကဲ့သို့သော စီးပွားရေးစံနှုန်းတွေကို ပြောင်းလဲပစ်လိုက်ပါတယ်။

အင်တာနက်ပေါ်ထွန်းလာမှုကနေတစ်ဆင့် ကိုယ့်ရဲ့ထုတ်ကုန်တွေကို ဈေးကွက်ဝင်ရောက်နိုင်မှုဟာ စီးပွားရေးစံနှုန်းတွေကို အဓိကအပြောင်းအလဲ ဖြစ်စေခဲ့ပါတယ်။ ဒီ Model က အင်တာနက်ပေါ်ကနေ ထုတ်ကုန်အမျိုးမျိုးကို အရောင်းအဝယ် ပြုလုပ်နိုင်ခြင်းဆိုတဲ့ အကျိုးကျေးဇူးကို ဖန်တီးရယူနိုင်တယ်လို့ ဆိုပါတယ်။ Chris Anderson ဆိုထားတဲ့အတိုင်း အင်တာနက်ပေါ်မှာ ရောင်းချဖို့ ကမ်းလှမ်းထားတဲ့ အရာအားလုံးနီးပါးဟာ အတိုင်းအတာတစ်ရပ်အထိ အလုပ်ဖြစ်ခဲ့တာကို လက်တွေ့ တွေ့ရှိနိုင်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး အကောင်းဆုံးပြသနိုင်တဲ့ ဥပမာကတော့ Amazon ပဲဖြစ်ပါတယ်။ အွန်လိုင်းစာအုပ်ဆိုင်အနေနဲ့ စတင်မိတ်ဆက်ခဲ့တဲ့ Amazon ဟာ ထုတ်ကုန်အမျိုးမျိုးကို ရောင်းချဖို့ အင်တာနက်ကို အသုံးပြုခဲ့ပါတယ်။ အဲဒီလိုနည်းလမ်းတွေနဲ့ စီးပွားရေးလုပ်ငန်းတွေဟာ ထူးခြားတဲ့ ဈေးကွက်တွေကို ဆွဲဆောင်နိုင်ပါတယ်။ ပုံမှန်ရောင်းချလေ့ရှိတဲ့ ကုန်ပစ္စည်းကိုသာ မဟုတ်တော့ဘဲ အထူးထုတ်ကုန်တွေကိုလည်း ရောင်းချတာမျိုးနဲ့ Amazon ဟာ ဈေးဝယ်သူ အမြောက်အမြားကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဒီလိုပဲ Netflix ဆိုရင်လည်း လူနည်းစုအကြိုက်သာဖြစ်မယ့် ရုပ်ရှင်ဇာတ်ကားတွေကို အွန်လိုင်းပေါ်ကနေ ကြည့်ရှုနိုင်ဖို့ လုပ်ဆောင်ပေးပါတယ်။ Etsy အွန်လိုင်းပလက်ဖောင်းပေါ်ကနေ လူနည်းစုသာ နှစ်ခြိုက်ဝယ်ယူလိုတဲ့ Handmade ပစ္စည်းလေးတွေကိုလည်း လူအများကြိုက်၊ အသုံးများပစ္စည်းတွေနဲ့အတူ ရောင်းချပေးလာနိုင်ပါတယ်။

The Long Tail Model ကြောင့် စီးပွားရေးလုပ်ငန်းတွေဟာ ထုတ်ကုန်အမျိုးမျိုးကို ထုတ်လုပ်ဖို့ ရေးရှူလာစေပါတယ်။ အရောင်းရဆုံး ထုတ်ကုန်တွေအပေါ်မှာပဲ အာရုံစိုက်မှာ မဟုတ်တော့ဘဲ အထူးဈေးကွက်တွေဆီကိုလည်း ခြေလှမ်းပြင်လာစေပါတယ်။ ဒါကြောင့် စားသုံးသူတွေအနေနဲ့ ရွေးချယ်စရာ ကုန်ပစ္စည်းအမျိုးမျိုးရှိလာသလို ဈေးဝယ်သူတွေရဲ့ စိတ်ကျေနပ်မှုကိုလည်း မြင့်မားလာစေပါတယ်။ ဒီပြောင်းလဲမှုကြောင့် ထုတ်ကုန်အသစ်အဆန်းတွေကို တီထွင်ထုတ်လုပ်လာနိုင်သလိုပဲ ဝင်ငွေလမ်းကြောင်းအသစ်တွေကိုလည်း ဖွင့်လှစ်လာနိုင်မှာ ဖြစ်ပါတယ်။

ဈေးဝယ်သူတွေအနေနဲ့လည်း The Long Tail Model ရဲ့ အကျိုးရလဒ်အနေနဲ့ အင်တာနက်ကနေတစ်ဆင့် ထုတ်ကုန်အမျိုးမျိုးကို ရှာဖွေဝယ်ယူနိုင်စေပါတယ်။ ဒီလိုမျိုးဈေးကွက်ခွဲခြားမှုက သုံးစွဲသူတွေရဲ့ နှစ်ခြိုက်မှုအပေါ် မူတည်ပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်တဲ့အတွက် ဈေးကွက်ကို ပိုမိုကျယ်ပြန့်စေမှာ ဖြစ်ပါတယ်။ အင်တာနက်အပိုင်းကလည်း ဆက်လက်တိုးတက်နေမှာဖြစ်တာကြောင့် ဒီ Model ဟာ လာမယ့်အနာဂတ်စီးပွားရေးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမှာ ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေ ကျွန်တော်တို့ဟာ ၈၀-၂၀ ဥပဒေသ၊ သူ့ရဲ့အားသာချက်၊ ကန့်သတ်ချက်တွေကို သိရှိထားပြီး လုပ်ငန်းနဲ့ ဘဝနေထိုင်လုပ်ဆောင်မှုမှာ အခြေခံလမ်းညွှန် အဖြစ်ထား၊ အချိုးကိုတော့ အခြေအနေနဲ့ အချိန်အခါအပေါ်မူတည်ပြီး လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲအသုံးချသွားနိုင်မယ်ဆိုရင် ဘဝအောင်မြင်မှုတွေရဖို့ အထောက်အကူဖြစ်စေနိုင်မှာဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်…။ ။

**ရည်ညွှန်း**


၁။ **"The Decision Book; Fifty models for strategic thinking", Mikael Krogerus and Roman Tschäppeler**

၂။ **၈၀-၂၀ ဥပဒေသ၊ "စဉ်းစားမိသော အတွေးများ"၊ ကျော်ကျော်လှိုင်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင် ကစားကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပရာ **အမျိုးသား ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်** ရှမ်းပြည်နယ်မှ နိုင်လင်းထွန်းက ပထမ၊ ရှမ်းပြည်နယ်မှ သန့်စင်အောင်က ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဖိုးသောကြာက တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီးမှ ဆွေသက်ဦးက ပထမ၊ ရှမ်းပြည်နယ်မှ သဲနုအောင်က ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ အေးချမ်းအောင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်** မကွေးတိုင်းဒေသကြီးမှ ထက်ကောင်းဝေက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ထက်လင်းဦးက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ရဲရင့်အောင်က တတိယဆုကို လည်းကောင်း၊ **အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်** ရှမ်းပြည်နယ်မှ နန်းအွမ်ဆိုင်ခမ်းက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သိမ့်သိမ့်သူက ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သွယ်ဇင်နိုးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင်** မွန်ပြည်နယ်မှ ခိုင်သဇင်ဦးက ပထမ၊ တနင်္သာရီတိုင်းဒေသကြီးမှ မြတ်နိုးသူက ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ အိအိဖြိုးက တတိယဆုကို လည်းကောင်း၊ **အမျိုးသမီး မီတာ ၄၀၀ ပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ နှင်းဦးခိုင်က ပထမ၊ ရှမ်းပြည်နယ်မှ ဇူလိုင်မိုးက ဒုတိယ၊ ရခိုင်ပြည်နယ်မှ ဝင်းဝင်းက တတိယဆုကိုလည်းကောင်း၊ **အမျိုးသား မီတာ ၁၀၀ x ၄ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ** တွင် တနင်္သာရီတိုင်းဒေသကြီးကပထမ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းကဒုတိယ၊မန္တလေးတိုင်းဒေသကြီးအသင်းက တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး မီတာ ၁၀၀ x ၄ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ** တွင် တနင်္သာရီတိုင်းဒေသကြီးက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးက ဒုတိယ၊ ရခိုင်ပြည်နယ်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသားမီတာ ၅၀၀၀ ပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်မှ ကျော်မင်းအောင်က ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ မြတ်ဝင်းလှိုင်က ဒုတိယ၊ ကချင်ပြည်နယ်မှ ဂျိုဆာဆည်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီးမှ အိအိဝိုင်းက ပထမ၊ ရှမ်းပြည်နယ်မှ လှိုင်လှိုင်မြင့်က ဒုတိယ ၊ ရှမ်းပြည်နယ်မှ ခိုင်ဖူးဝေက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲကို** ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ **တွဲဖက်နည်းပြအဆင့် အမျိုးသား တစ်ကိုယ်တော် လက်သိုင်း စွမ်းရည်ပြပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ အုပ်စိုးခန့်က ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ချစ်ကိုကိုက ဒုတိယ၊ ရှမ်းပြည်နယ်မှ ထွန်းထွန်းမင်းက တတိယဆုကို လည်းကောင်း၊ **တွဲဖက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော် ဓားတစ်လက်**စွမ်းရည်ပြ ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ချစ်ကိုကိုက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဟိန်းမင်းထွန်းက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ အုပ်စိုးခန့်က တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

**လက်ထောက်နည်းပြအဆင့် အမျိုးသမီး တစ်ကိုယ်တော် ဓားနှစ်လက် စွမ်းရည်ပြပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်မှ နန်းခင်ဖေရယ်ထွန်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ငြိမ်းသူဇာက ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးမှ ခိုင်ဇင်ဝင်းက တတိယဆုကိုလည်းကောင်း၊ **လက်ထောက်နည်းပြအဆင့် အမျိုးသမီးတစ်ကိုယ်တော် တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်မှ နန်းခင်ဖေရယ်ထွန်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ငြိမ်းသူဇာက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ စုစုလှိုင်က တတိယဆုကိုလည်းကောင်း၊ **ခွဲမှူးဆရာအဆင့် အမျိုးသားတစ်ကိုယ်တော် လှံရှည် စွမ်းရည်အပြပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ အောင်မင်းဦးက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ လှမင်းအောင်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဝေလွင်ထွန်းက တတိယဆုကို လည်းကောင်း၊ **ခွဲမှူးဆရာအဆင့် အမျိုးသမီး တစ်ကိုယ်တော် လှံရှည်စွမ်းရည်အပြပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ ခင်စုလင်းက ပထမ၊ ရှမ်းပြည်နယ်မှ ဟန်ငြိမ်းစုက ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ဇာဇာအောင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ တွဲဖက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော် ဓားတစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ထောက်နည်းပြအဆင့် အမျိုးသမီးတစ်ကိုယ်တော် တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ အမျိုးသမီးဂျူဒို KATA ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ - မျိုးထက်ဦး

**တွဲဖက်နည်းပြအဆင့် အမျိုးသမီး တစ်ကိုယ်တော် လက်သိုင်း စွမ်းရည်ပြပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ ကေဇင်မိုးက ပထမ ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဂျူးမြတ်သွယ်က ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဝတ်ရည်ဖြိုးက တတိယဆုကို လည်းကောင်း၊ **တွဲဖက်နည်းပြအဆင့် အမျိုးသမီး တစ်ကိုယ်တော် ဓားတစ်လက် စွမ်းရည်ပြပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ ဆုသက်ဝေက ပထမ၊ ကရင်ပြည်နယ်မှ ခိုင်သဇင်က ဒုတိယ၊မန္တလေးတိုင်းဒေသကြီးမှ ကေဇင်မိုးက တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ကျင်းပရာ **အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ** တွင် ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ ပွဲ-၂ ပွဲ၊ ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ကျင်းပရာ **အမျိုးသား ဂျူဒို KATA ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဒုတိယ၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ဂျူဒို KATA ပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ ပထမ၊ မွန်ပြည်နယ်မှ ဒုတိယ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် ရခိုင်ပြည်နယ်တို့က တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ **အမျိုးသား ၅၁ ကီလိုတန်းပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ ဘောင်ဆောင်က မန္တလေးတိုင်းဒေသကြီးမှ ဟိန်းထွဋ်အောင်ကို လည်းကောင်း၊ ကရင်ပြည်နယ်မှ စောရွှေဝင်းက စစ်ကိုင်းတိုင်းဒေသကြီးမှ သူရကို လည်းကောင်း၊ **အမျိုးသား ၅၇ ကီလိုတန်းပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ ရှိန်းထက်ကိုကိုက စစ်ကိုင်းတိုင်းဒေသကြီးမှ မင်းဆက်သာဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ လမင်းကိုကိုက ချင်းပြည်နယ်မှ ဂင်ရှန်းမွှောင်ကိုလည်းကောင်း၊ **အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီးမှ ဇင်မင်းကိုက ချင်းပြည်နယ်မှ မင်းခန့်ဝေကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ အောင်မြင့်ထွန်းက ရှမ်းပြည်နယ်မှ ထွန်းထွန်းဝင်းကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဇင်ထိုက်က ကချင်ပြည်နယ်မှ သူရဦးကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောငွေမိုးက ရခိုင်ပြည်နယ်မှ ဗန်လာတ်ထလျှန်ဆန်ကို လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားအပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမားများ ပါဝင်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။

*စာမျက်နှာ ၁၃ သို့*



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲတွင် ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ထိုးသတ်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

*စာမျက်နှာ ၁၂ မှ*

**အမျိုးသမီး ၅၂ ကီလိုတန်းပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ သက်ထားဗိုလ်က ရန်ကုန်တိုင်းဒေသကြီးမှ ရီရီစိုးကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ထက်ထက်အောင်က ပဲခူးတိုင်းဒေသကြီးမှ အေးအေးအောင်ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးပြည့်က ဧရာဝတီတိုင်းဒေသကြီးမှ အိအိစိုးကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ သင်းသင်းခိုင်က မွန်ပြည်နယ်မှ ကြည်လဲ့လဲ့ဦးကိုလည်းကောင်း၊ **အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲတွင်** ရှမ်းပြည်နယ်မှ မိုးပြည့်ပြည့်လွင် က ချင်းပြည်နယ်မှ ညောင်ရှန်းဟွေ့ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ထားထားနွယ်က မန္တလေးတိုင်းဒေသကြီးမှ ချောစုမွန်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ လင်းလက်နေခြည်က မွန်ပြည်နယ်မှ သီသီဝင်းကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ နန်းသန္တာသိမ့်က စစ်ကိုင်းတိုင်းဒေသကြီးမှ ထက်အိန္ဒြေလှိုင်ကိုလည်းကောင်း၊ **အမျိုးသမီး ၅၇ ကီလိုတန်းပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီးမှ ချမ်းပြည့်စိုးက ပဲခူးတိုင်းဒေသကြီးမှ သွယ်ဇင်ယွန်းကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ကိမ်ရှန်းဒိတ်ဆန်က စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းစုနွယ်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၅) နှစ်အောက် ခရစ်ကတ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်းမြားပစ်ကွင်း (၁/၂)၌ ကျင်းပရာ **အမျိုးသား ခရစ်ကတ်ပြိုင်ပွဲတွင်** ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၉၁ မှတ်သာ၊ ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၁၈ မှတ်သာ၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၈ ယောက်သာ၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၁၉ မှတ်သာဖြင့်လည်းကောင်း၊ **အမျိုးသမီး ခရစ်ကတ်ပြိုင်ပွဲတွင်** ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၅ မှတ်သာ၊ ရခိုင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၈ ယောက်သာ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၄ ယောက်သာ၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃၁ မှတ်သာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄)တို့တွင် ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၃ ဂိုး-၁ ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ ဂိုး - ဂိုးမရှိ၊ မွန်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၂ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ **အမျိုးသားဖူဆယ် ဘောလုံးပြိုင်ပွဲတွင်** ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၇ ဂိုး-၂ ဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၄ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ကျင်းပရာ **အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ** တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ-၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ **တတိယနေရာလုပွဲတွင်** မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ် အသင်းကို ၂ ပွဲ - ၁ ပွဲဖြင့်လည်းကောင်း၊ **ဗိုလ်လုပွဲတွင်** မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြပြီး ပထမဆုကို မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုကို မကွေးတိုင်းဒေသကြီး အသင်းတို့က ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ကျင်းပရာ **အမျိုးသမီးသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ** တွင် ရခိုင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၂ ပွဲ-၁ ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ **တတိယနေရာလုပွဲတွင်** ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၂ ပွဲ -၁ ပွဲဖြင့်လည်းကောင်း၊ **ဗိုလ်လုပွဲစဉ်တွင်** ဧရာဝတီတိုင်းဒေသကြီး အသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြပြီး **ပထမဆုကို ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုကို ရခိုင်ပြည်နယ်အသင်း၊ တတိယဆုကို ပဲခူးတိုင်းဒေသကြီးအသင်းတို့က ရရှိခဲ့ကြသည်။**

**ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း တိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ **တိုက်ကွမ်ဒိုအတိုက်ပြိုင်ပွဲ** အမျိုးသား ဝယ်တာ ၇၄ ကီလိုတန်း အထက်ပြိုင်ပွဲနှင့် အမျိုးသမီး ဖယ်တာ ၅၆-၆၂ ကီလိုတန်းပြိုင်ပွဲတို့ကို ကျင်းပရာ ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်များက ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး **အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ ဖြိုးဟန်ကျော်က ပထမ၊ မွန်ပြည်နယ်မှ သန့်စင်သူက ဒုတိယ၊ ရှမ်းပြည်နယ်မှ ဟိန်းရန်ထွန်းနှင့် ကရင်ပြည်နယ်မှ မြင့်မြတ်ရွှေတို့က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီးတစ်ဦးချင်း ကကွက်ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝင့်သိင်္ဂီထွန်းက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ သက်ထားသူဇာက ဒုတိယ၊ ရှမ်းပြည်နယ်မှ နော်ဗြိုဖောနှင့် ချင်းပြည်နယ်မှ ဖြူစင်သူတို့က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်းဘော်လီဘောရုံ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ -၂ ပွဲ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို ၃ ပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၃ ပွဲ - ၂ ပွဲ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ-၁ ပွဲဖြင့်လည်းကောင်း၊ **အမျိုးသမီးဘော်လီဘော ပြိုင်ပွဲတွင်** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ**ကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့က တစ်ဖက် ၁ ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ၁ ဂိုး-ဂိုးမရှိ၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ၇ ဂိုး - ၁ ဂိုး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို ၇ ဂိုး-၁ ဂိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၃ ဂိုး - ၂ ဂိုး၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို ၈ ဂိုး-၁ ဂိုး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ဂေါက်သီးရိုက်ပွဲ**ကို မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲ (အကျောမဲ့)၊ တစ်ဦးချင်းပြိုင်ပွဲ (အကျောပေး)၊ အသင်းလိုက်ပြိုင်ပွဲ (အကျောမဲ့)နှင့် အသင်းလိုက်ပြိုင်ပွဲ (အကျောပေး) ပြိုင်ပွဲများကို ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-ဇင်ဟိန်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-ဇင်ဟိန်း



ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ လက်ထောက်နည်းပြအဆင့် အမျိုးသမီး တစ်ကိုယ်တော် ဓားနှစ်လက် စွမ်းရည်ပြ ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-ဇင်ဟိန်း



ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒို KATA ပြိုင်ပွဲတွင် နေပြည်တော်ကိုယ်စားပြု ပြိုင်ပွဲဝင်နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-ဇင်ဟိန်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးလက်ဝှေ့ (၅၂)ကီလိုတန်းတွင် ရှမ်းပြည်နယ်မှ ထက်ထက်အောင်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးအောင်တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။ ဓာတ်ပုံ-ဇင်ဟိန်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-မျိုးထက်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-ဇင်ဟိန်း



ဝန်ကြီးဌာနပေါင်းစုံ ဂေါက်သီးရိုက်ပြိုင်ပွဲ(အကျော့မဲ့)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။

# လေ့ကျင့်နေမှလည်း အားကစားဆိုတာ တိုးတက်တာ၊ စိတ်ဓာတ်ရှိမှလည်း လုပ်နိုင်တာ။ အားကစားဆိုတာ ကိုယ်ကြိုးစားရင် ကြိုးစားသလောက်အောင်မြင်တယ်

**ဒေါ်သန်းသန်း**

နေပြည်တော် ဒီဇင်ဘာ ၁၀

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးကို နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းများနှင့်အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ရှိ အားကစားအဖွဲ့များမှ တာဝန်ရှိသူများနှင့်အားကစားသမားများအား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။


ဒေါ်သန်းသန်း


ဦးသစ်လွင်


မအိမ့်ချစ်ဖူး


မအိမ့်မြတ်သော်


ဦးဟန်မင်းထွဋ်


မမေဇင်ဦး


ဒေါ်ဖြူဝင်းနိုင်

**ဒေါ်သန်းသန်း**
**မြန်မာ့ဂုဏ်ဆောင်လက်ရွေးစင်ပြေးခုန်ပစ်အားကစားမယ်**

ကျွန်မက အမျိုးသားအားကစားပွဲတော်ကြီးမှာ အလံတော်သယ်ယူမယ့်အဖွဲ့မှာ ပံ့ပိုးခွင့်ရခဲ့တယ်။ အမျိုးသားအားကစားပွဲတော်ကြီးကိုမြင်ရတာ ကိုယ့်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ဆီးဂိမ်းကို ပြန်ပြီး သတိရသွားစေပါတယ်။

အားကစားကွင်းဆိုရင်လည်း အောင်ဆန်းအားကစားကွင်းကြီးဟာ ကျောက်မီးသွေးကွင်းကြီး၊ ဖိနပ်ဆိုရင်လည်း ရိုးရိုးဖိနပ်သံ အရှည်ကြီးတွေနဲ့ ကြိုးစားခဲ့ရတယ်။ အခုခေတ် ကစားသမားတွေဆိုရင် နိုင်ငံတကာအဆင့်မီ ကွင်းကြီးလိုပဲ မြန်မာပြည်မှာရှိနေပြီဆိုတော့ အကုန်လုံးက တန်းတူ ယှဉ်ပြိုင်လို့ရတယ်။ ကျွန်မတို့ တုန်းက မိုးရေထဲမှာ ဗွက်တွေနဲ့ ကျောက်မီးသွေးကွင်းကြီးထဲမှာ ကိုယ့်နိုင်ငံအတွက်ကို တော်တော်လေး ကြိုးစားခဲ့ရတယ်။ ကျွန်မ တစ်ယောက်တည်းနဲ့ တစ်နှစ်ကို အားကစားနည်း လေးခုမှာ ရွှေတံဆိပ်လေးခုနဲ့ အကောင်းဆုံး ကစားသမားဆုတောင် ရခဲ့ဖူးတယ်။ အခုက အသင်းတစ်ခုလုံးမှာတောင် ရွှေတံဆိပ်တစ်ခု မရနိုင်ဘူးဆိုတော့ တော်တော်လေးကို လုပ်ရမှာပါ။ ကျွန်မတို့လည်း အသက်ကြီးပြီဆိုတော့ တတ်နိုင်သလောက် ပံ့ပိုးပေးပါတယ်။ စံချိန်တွေတက်လာအောင်၊ အောင်မြင်မှုတွေရအောင် ဆိုရင် ကိုယ်တိုင်က ကြိုးစားအားထုတ်မှုရှိမှရမယ်။ အခုလို အမျိုးသား အားကစားပွဲတော်တွေ လုပ်တဲ့အတွက် ထူးချွန်တဲ့ ကစားသမားတွေ ထွက်လာမယ်။ အခုဆိုရင် ကျောင်းတွေကနေလည်း ကစားသမားတွေ ထွက်ပေါ်လာတယ်။ လူငယ်မျိုးဆက်သစ် ကစားသမားတွေ မွေးထုတ်နိုင်တယ်။ အခုဆိုရင် ဝန်ကြီးဌာနတွေက ကလေးတွေအတွက် ကိုလည်း တစ်ဖက်တစ်လမ်းကနေ လေ့ကျင့်ပေးနေတယ်။ မသန်စွမ်းမှာဆိုလည်း အမြဲတမ်းလေ့ကျင့်ပေးတယ်။ အခုဆိုလည်း နိုင်ငံတော်ကနေပြီးတော့ အားကစားဝတ်စုံကအစ နိုင်ငံခြားသွားတဲ့အခါ အစစအရာရာ နိုင်ငံတကာနဲ့ တန်းတူဖြစ်လာတယ်။ အခုကတော့ အလားအလာရှိတဲ့ ကစားသမားတွေအနေနဲ့ ဝန်ကြီးဌာနတွေမှာ အလုပ်တွေရကြတယ်။ အဲဒီကနေတစ်ဆင့် လေ့ကျင့်ချိန်တွေရလာတယ်။ စိတ်ဝင်စားလာတယ်။ လေ့ကျင့်နေမှလည်း အားကစားဆိုတာ တိုးတက်တာ၊ စိတ်ဓာတ်ရှိမှလည်း လုပ်နိုင်တာ။ အားကစားဆိုတာ ကိုယ်ကြိုးစားရင်ကြိုးစားသလောက် အောင်မြင်တယ်။ SEA Games မှာ ရွှေတံဆိပ်ဆုရတယ်ဆိုရင် နိုင်ငံတော်အနေနဲ့လည်း ဆုကြေးတွေကို ပထမဆု ကျပ်သိန်း ၃၀၀၊ ဒုတိယဆု ကျပ်သိန်း ၂၀၀ ရတဲ့အတွက် တချို့ဆိုရင် အဆင်ပြေလာကြပြီ။ အခုဆိုရင် မသန်စွမ်းမှာလေ့ကျင့်ပေးနေတဲ့ ကစားသမားတွေဆိုရင် ကိုယ်လက်အင်္ဂါ မသန်စွမ်းပေမယ့် စိတ်ဓာတ်ပြင်းတော့ ခိုင်းသလောက်လုပ်နိုင်တယ်။ ကျိုက္ကဆံမှာ လေ့ကျင့်ပေးချိန်မှာဆိုရင် ခြေထောက် မသန်စွမ်းပေမယ့် လူကောင်းတွေနဲ့ ရင်ပေါင်တန်းတဲ့အထိ လုပ်ကြတယ်။ နောက်နှစ်ကျရင်လည်း ထိုင်းနိုင်ငံမှာ ပါရာဂိမ်းရှိတဲ့အတွက် ဆုတံဆိပ်တွေ အများကြီးရအောင် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းကနေ တတ်နိုင်သလောက် မသန်စွမ်း အားကစားမှာ နည်းပြလုပ်ပြီး လေ့ကျင့်ပေးနေပါတယ်။

**ဦးသစ်လွင်(လက်ဝှေ့နည်းပြ)**
**တနင်္သာရီတိုင်းဒေသကြီး**
**အားကစားအဖွဲ့**

ကျွန်တော်ကတော့ ထားဝယ်မြို့ကပါ။ လက်ဝှေ့အားကစားနည်းပြအဖွဲ့ဝင်အဖြစ်နဲ့ မျိုးဆက်သစ် လက်ဝှေ့ကစားသမားတွေကို မွေးထုတ်ပေးနေပါတယ်။ ၂၀၁၆ ခုနှစ်မှာ တနင်္သာရီတိုင်းဒေသကြီးကနေ လက်ဝှေ့အားကစားနည်းနဲ့ ဖလားသုံးခုရအောင် လေ့ကျင့်ပေးခဲ့တဲ့ နည်းပြအဖွဲ့မှာ ကျွန်တော်ပါပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနက ညွှန်ကြားရေးမှူးကလည်း လက်ဝှေ့အားကစားကို တော်တော်လေး အားပေးပံ့ပိုးပါတယ်။ ဒီလိုအားပေးမှုလည်း မျိုးဆက်သစ်တွေ တိုးလာမှာ။ ကျွန်တော်က ထားဝယ်မြို့နဲ့ ၂၄ မိုင်ဝေးတဲ့ တောကအားကစားသမား၊ ကျွန်တော့်အဖေကိုယ်တိုင်က လက်ဝှေ့သင်ပေးလို့ ထိုးတာ၊ ကျွန်တော့်အသက် ၁၆ နှစ်မှာ လက်ဝှေ့စင်ပေါ်ရောက်တယ်။ ၁၉၈၃ မှာ မြို့နယ်ဗိုလ်လုပွဲမှာ ရွှေရပြီးတော့ တိုင်းနဲ့ ပြည်နယ်မှာပါတယ်။ အဲဒီမှာ ကြေးတံဆိပ်ဆုပဲရတယ်။ အဲဒီနောက် ထိုင်းနိုင်ငံမှာ ရောက်သွားပြီးတော့ ထိုင်းနိုင်ငံမှာလည်း လက်ဝှေ့ထိုးခဲ့တယ်။ ဗဟိုမှာလုပ်တဲ့ လက်ဝှေ့နည်းပြသင်တန်းကိုလည်း တိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ တက်ရောက်ပြီးတော့ လက်ဝှေ့ကစားသမားတွေကိုသင်ကြားပေးနေပါတယ်။ လက်ဝှေ့သမားမျိုးဆက်သစ်တွေအတွက်၊ နိုင်ငံတော် အားကစားအတွက် ပီတိကို စားပြီး ဖြည့်ဆည်းပေးတာ။ လက်ဝှေ့ အားကစားဆိုတာက အမြဲတမ်းထိုးနေမှ တိုးတက်တာ၊ ထိတွေ့မှုများမှလည်း ကျွမ်းကျင်တာ။ တနင်္သာရီတိုင်းဒေသကြီး အဆင့်ကနေ မျိုးဆက်သစ် လက်ဝှေ့သမားတွေ မွေးထုတ်ပေးထားတာ ၁၀ ယောက်လောက်ရှိပြီ။ မြန်မာ့လက်ရွေးစင်ကစားသမားတွေအနေနဲ့လည်း ဆီးဂိမ်းကစားသမား အကြီးတန်းမှာ ကိုးယောက်၊ အငယ်တန်းမှာ နှစ်ယောက်ရှိတယ်။ ဝူရှူးမှာ လက်ဝှေ့နဲ့ နှစ်ယောက်ရှိတယ်။ မျိုးဆက်သစ်တွေ မွေးထုတ်ဖို့က ကျွန်တော်တို့ တိုင်းဒေသကြီး အဆင့်ကနေ လေ့ကျင့်ပေးလိုက်တယ်။ အဲဒီနောက် လက်ရွေးစင်ဖြစ်ပြီး မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ကနေ ဆက်ပြီးတော့ လေ့ကျင့်မှုနဲ့ဆိုရင် တော်တော်ကို အဆင့်မြင့်သွားမှာပါ။ လက်ဝှေ့အားကစားနည်းက ကြိုးစားရင်ကြိုးစားသလောက် မြင့်သွားမှာ၊ မြန်မာ့အဆင့်ကနေ ကမ္ဘာ့အဆင့် အိုလံပစ်အထိ သွားနိုင်တဲ့ အားကစားဖြစ်တယ်။ မျိုးဆက်သစ် ကစားသမားတွေကို မှာချင်တာက ရိုးသား၊ ကြိုးစားပါ၊ သူများတစ်ဆလုပ်ရင် နှစ်ဆလုပ်မှ တိုးတက်မှာပါ။

**မအိမ့်ချစ်ဖူး**
**(ရန်ကုန်တိုင်းဒေသကြီး)**
**ကြက်တောင်အားကစားသမား**

ပြိုင်ပွဲကြီးအတွက် တစ်လလောက် ကြိုတင်လေ့ကျင့်ခဲ့ပါတယ်။ အသင်းလိုက်မှာ ရွှေတံဆိပ်ဆုရရှိထားပါတယ်။ အားကစားကို ငယ်ငယ်ကတည်းက လုပ်တာကြောင့် ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်စေတယ်။ အသက် ခုနစ်နှစ်ခွဲလောက်ကတည်းကစပြီး ဆယ်နှစ်နီးပါးလောက် ကြက်တောင်ရိုက်ခဲ့ပါတယ်။ အရင်က တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အားကစားပွဲတွေမှာ ဝင်ပြိုင်ဖူးတယ်။ ဒီလိုပြိုင်ပွဲကြီးကိုတော့ အခုမှပထမဆုံး ယှဉ်ပြိုင်ဖူးတာပါ။ အမျိုးသားအားကစားပွဲတော်ကြီး ဝင်ရတဲ့ အချိန်မှာ စိတ်လှုပ်ရှားမိတယ်။ ဒီပြိုင်ပွဲကြီးကနေ ထူးချွန်တဲ့ ကြက်တောင် အားကစားသမား မျိုးဆက်သစ်တွေ ပေါ်ထွန်းလာနိုင်တယ်။ ငယ်ငယ်ကတည်းက စပြီး ပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်နိုင်မယ်ဆိုရင် သမီးတို့နိုင်ငံရဲ့ ကြက်တောင်အားကစားက ကမ္ဘာ့အဆင့်အထိ ထွန်းပေါက်မယ်။ ကြက်တောင်အားကစားကိုလူငယ်တွေက ပိုပြီးစိတ်ဝင်စားလာမယ်လို့ ထင်ပါတယ်။ မြန်မာနိုင်ငံမှာ မသက်ထားသူဇာက ကြက်တောင်အားကစားကို တော်တော်လေး ဖွံ့ဖြိုးအောင် လုပ်နိုင်တဲ့အတွက် ကြက်တောင်အားကစားကို ပိုပြီး ကြိုက်လာတယ်။ သမီးငယ်ငယ်ကတည်းက ကြက်တောင်ကစားနည်းကို တော်တော်လေးကြိုက်တယ်။ Professionalကြက်တောင် ကစားသမား ဖြစ်ချင်တယ်။ ဒါပေမယ့် ပညာရေးကတစ်ဖက်နဲ့ဆိုတော့ ကြက်တောင်ကစားသမားဘဝကို ရွေးမလား၊ ပညာရေးဘက်ကိုပဲ ဦးစားပေးရမလားဆိုတာ စဉ်းစားနေပါတယ်။ အမျိုးသား အားကစားပွဲတော်ကြီးက တော်တော်ကို ကြီးကျယ်ခမ်းနားတယ်။ ဒီလိုပြိုင်ပွဲကြီးမှာ အသင်းလိုက်ပြိုင်ရတဲ့အချိန်မှာ စည်းလုံးမှုနဲ့ တက်တက်ကြွကြွယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက် အတွေ့အကြုံကောင်းတွေ ရရှိပါတယ်။

**မအိမ့်မြတ်သော်**
**(နေပြည်တော်ကိုယ်စားပြုပြိုင်ပွဲဝင်) (အမျိုးသမီး ၅၀ ကီလိုတန်း၊ လက်ဝှေ့)**

အမျိုးသမီး ၅၀ ကီလိုတန်းမှာ နေပြည်တော်ကိုယ်စားပြုအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရရှိခဲ့တဲ့အပေါ်မှာ နေပြည်တော်ရဲ့ဂုဏ်ကို ဆောင်နိုင်တဲ့အတွက် များစွာ ဝမ်းသာ ဂုဏ်ယူမိပါတယ်။ လေ့ကျင့်မှုအပိုင်းမှာ နည်းပြဆရာ သမားတွေရဲ့ လေ့ကျင့်သင်ကြားပေးမှုတွေကို အကောင်းဆုံး ကြိုးစားလေ့ကျင့်ထားပြီး ရှေ့ဆက်ပြီးတော့လည်း လက်ဝှေ့ အားကစားကို ဆက်လက်ကြိုးစားပြီး ယှဉ်ပြိုင်သွားမှာပါ။

**ဦးဟန်မင်းထွဋ်၊ နည်းပြချုပ်**
**အမျိုးသမီးဖူဆယ်ပြိုင်ပွဲ**
**(ရန်ကုန်တိုင်းဒေသကြီး)**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး ဖူဆယ်အသင်း ရန်ကုန်တိုင်း အမျိုးသမီးအသင်း (ဖူဆယ်) နည်းပြချုပ်တာဝန် ယူထားပါတယ်။ ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တဲ့အတွက်လည်း ကစားသမားတွေအတွက် ဝမ်းသာ ဂုဏ်ယူပါတယ်။ လေ့ကျင့်မှုအပိုင်းကတော့ ပြိုင်ပွဲတွေကျရင် ကစားသမား အခက်အခဲတွေရှိတဲ့အတွက် တစ်နှစ်လောက်ကတည်းက ကြိုတင်စုဖွဲ့ လေ့ကျင့်မှုတွေ ရှိပါတယ်။ ဖူဆယ်အားကစားနည်း တိုးတက်ဖို့အတွက်ဆိုရင်တော့ ကစားသမားကောင်းတွေ များစွာပေါ်ထွက်လာနိုင်ဖို့အတွက် Trainer ကောင်းကောင်းတွေ လိုပါတယ်။ ကစားသမားတွေက အားကစားပေါ်မှာ ရပ်တည်ပြီး ကစားကြတာဖြစ်တဲ့အတွက် သူတို့တွေရဲ့ အနာဂတ်ကောင်းရေး ကောင်းမွန်ဖို့ကို ပံ့ပိုးဆောင်ရွက်ပေးစေချင်ပါတယ်။

**မမေဇင်ဦး**
**(ရန်ကုန်တိုင်းဒေသကြီး ပြိုင်ပွဲဝင်)**
**ဖူဆယ်(အမျိုးသမီး)**

ကျွန်မတို့ အသင်းအနေနဲ့ စည်းစည်းလုံးလုံးနဲ့ ကြိုးစားယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲကို တက်ရောက်ခွင့်ရရှိခဲ့အတွက် များစွာ ဂုဏ်ယူပါတယ်။ ဗိုလ်လုပွဲမှာလည်း ရန်ကုန်တိုင်းဒေသကြီးရဲ့ ဂုဏ်ကို ဆောင်နိုင်အောင် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင် သွားပါမယ်။ အခုလို အမျိုးသား အားကစားပွဲတော်ကြီး ကျင်းပပေးတဲ့အတွက် မျိုးဆက်သစ် အားကစားသမားတွေအနေနဲ့ ပွဲအတွေ့အကြုံတွေရလာလို့ ရှေ့ဆက်ပြီးလည်း မြန်မာ့လက်ရွေးစင် တွေဖြစ်အောင် ကြိုးစားယှဉ်ပြိုင် သွားပါမယ်။

**ဒေါ်ဖြူဝင်းနိုင်(အုပ်ချုပ်သူ)**
**စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း၊ နေပြည်တော်**

ကျွန်မတို့ စိုးစံကနေ ကျောင်းသား ကျောင်းသူ ၁၀၀ နဲ့ ဖွင့်ပွဲ အခမ်းအနားကို ကြည့်ရှုအားပေး သလို အားကစားပွဲတွေကိုလည်း လာရောက်အားပေးဖို့ရှိပါတယ်။ အားကစားပွဲတော်တွေ မကျင်းပ ဖြစ်တာကြာပြီဆိုတော့ အခုလို ခမ်းခမ်းနားနား ကျင်းပပေးတဲ့ အတွက် လူငယ်တွေအနေနဲ့ အားကစားဘက်မှာ အခွင့်အလမ်း တွေရရှိစေမှာ ဖြစ်ပါတယ်။ အားကစား ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး လေ့ကျင့်မှု အောင်မြင်မှုတွေကနေတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့ မျိုးဆက် သစ် အားကစားသမားကောင်း တွေ ပေါ်ထွက်လာဖို့ကိုလည်း မျှော်လင့်ပါတယ်။

**တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဇင်ဦး၊ ဟိန်းထက်ဇော်၊ မျိုးထက်ဦး**
**ဓာတ်ပုံ - ဟိန်းဇင်ထက်**

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အား ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ပါဝင်ခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများ၊ ယိမ်းအဖွဲ့များ၊ အမေများအဖွဲ့၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု စသောရိုးရာပန်းပညာရှင်များ၊ ဝံသာနုအသင်းအဖွဲ့များ၊ တာဝန်ရှိသူများနှင့် ပြည်သူများက စုပေါင်းကြိုဆိုကြသည်။

ထိုသို့ ကြိုဆိုကြစဉ် အနုပညာရှင်များက သင်္ကြန်သီချင်းများ သီဆိုကြပြီး ပြည်သူများ၊ အကအဖွဲ့များနှင့် တက်ရောက်လာကြသူများက ပျော်ရွှင်စွာ ပါဝင်ကပြကာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။(အောက်ပုံ)

သတင်းစဉ်







## ဂုဏ်ထည်ဝင့်လျှံ၊ မြန်မာ့သင်္ကြန်

* ယူနက်စကိုမှ၊ သတ်မှတ်ရသော
ကမ္ဘာ့အမွေအနှစ်သုံးမျိုးရှိ.......။
* ကမ္ဘာ့အမွေအနှစ်၊ ဒြပ်ရှိဖြစ်၏
ရှေးခေတ်မြို့ပြ၊ ရှေးကနန်းတော်ရာ
ရှေးခါစေတီ၊ ရှေးတည်အဆောက်အအုံ
သတ်မှတ်ဂုဏ်ဖြင့်၊ ပြည့်စုံပါလျှင်၊ အမွေအနှစ်ဝင်၏ ...။
* မြန်မာအဖို့၊ ပျူသုံးမြို့တည့်
နှစ်လို့ဖွယ်ရာ၊ သရေခေတ္တရာနှင့်
ပန်ထွာကြီးစိုး၊ ဗိဿနိုးနှင့်
သုံးမျိုးခေတ်အတွင်း၊ မြို့ဟန်လင်းတို့
ဆက်သွင်းတင်ပြ၊ ရှေးဦးစွလျှင်
ကမ္ဘာ့အမွေအနှစ်၊ နံပါတ်တစ်တည့်
နှစ်နှစ်ကာကာ၊ ဝမ်းမြောက်ပါခဲ့
မြန်မာတို့အတွက် ဂုဏ်ယူမိ...။
* ဒုတိယအမွေအနှစ်၊ အားလုံးချစ်သော
ရှေးခေတ်ပုဂံ၊ တင့်ပေဟန်တည့်
နန်းစံအနော်ရထာ၊ မင်းမဟာအစ
ရာဇာငါးဆယ့်ငါး၊ ပူဇော်ထားခဲ့
ဘုရားပုထိုးများစွာ၊ ဗိသုကာနှင့်
မြေယာရှုခင်း၊ တင့်တယ်ခြင်းအပြင်၊ ရေသွင်းထုတ်ရန်
ရေစီမံစနစ်၊ ကျစ်လျစ်ကောင်းမွန်
သတ်မှတ်စံအရ၊ ပုဂံတစ်ခါ
စာရင်းပါပြန်၊ မြန်မာအားလုံးပျော်ကြ၏...။
* ဒုတိယအမျိုးအစား၊ မှတ်တမ်းများအမွေအနှစ်
စံအဖြစ်သတ်မှတ်ရာ၊ ဘာသာလေးမျိုး
ရေးထိုးခဲ့သည်၊ မြစေတီကျောက်စာ၊ မှတ်တမ်းပါခဲ့
ပုဂံမှာ ထင်ရှား၊ ဘုရားရွှေစည်းခုံ၊ ပရိဂုဏ်မှာ
ခေါင်းလောင်းစာကို၊ မွန်ဘာသာဖော်ဆောင်၊
ဘုရင့်နောင်မင်းတရား
လှူဒါန်းသွားရာ၊ မှတ်တမ်းများ အမွေအနှစ်
ထပ်မံဖြစ်လျက်၊ နှစ်နှစ်ကာကာ ဂုဏ်ယူမိ...။
* အမွေအနှစ်တတိယ၊ ရခဲ့ပြန်သေး၊ မန္တလေးက၊
ကမ္ဘာ့အကြီးဆုံး စာအုပ်၊
ဂုဏ်ပုဒ်အကျော်၊ ကုသိုလ်တော်ကျောက်စာ
ကြည်ညိုပါသည်၊ မြန်မာတို့ပြည် တည်ရှိ၏ ...
* မှတ်တမ်းထဲမှာ၊ အာရှပစိဖိတ်အမွေအနှစ်
နှစ်ခုဖြစ်ခဲ့၊ တစ်က အာနန္ဒစန္ဒြား
ထင်ရှားကျောက်စာတိုင်၊ ပြည်ရခိုင်ဝယ်
မဏ္ဍိုင်သဖွယ် တည်ရှိ၏.....
* နောက်တစ်ခုမှာ၊ ကျောက်စာမဟုတ်
ရုပ်ရှင်မှတ်တမ်း၊ ဆန်းကြယ်ပိုင်ပိုင်
မြဂနိုင်လည်း၊ ကြံ့ခိုင်ထင်ရှား တည်ရှိ၏ ...။
* ယခုအခါ၊ အတာသင်္ကြန်
ဓလေ့ဟန်ကို၊ စံနှင့်ညီကြောင်း၊ သက်သေလောင်းလျက်
အဖွဲ့ပေါင်းများစွာ၊ ပေါင်းစုပါလျက်
သာသနာယဉ်ကျေးမှု၊ ကြိုးပမ်းမှုဖြင့်
စတုဒိသာ၊ ကျွေးမွေးကာဖြင့်
အတာအိုးဓလေ့၊ ပျော်ရွှင်မွေ့လျက်၊
မမေ့နိုင်စရာ၊ သင်္ကြန်စာဖြင့်
နှံ့သာသွေးတယ်၊ ရေသပ္ပာယ်လျက်
ဆိုမယ် ကမယ်၊ ပျော်ရွှင်ဖွယ်ဖြင့်
မောင်မယ်ရေပက်၊ သပြေခက်ဖြင့်
သက်ကြီးဘိုးဘွား၊ ဘုရားသွားလျက်
အသက်ငယ်အရွယ်လတ်၊ ကားဖြင့်ပတ်လျက်
မဏ္ဍာပ်ဆောက်လတ်၊ ရေမပြတ်ဘဲ
တောရပ်မှာလေ၊ နွားလှည်းတွေဖြင့်
ရေပက်ခံကြ၊ ပျော်ရွှင်ကြဖြင့်
အားရပျော်ပြီး၊ သက်ကြီးပူဇော်
ခေါင်းလျှော်လက်သည်းညှပ်၊ ထူးမြတ်ကုသိုလ်
ထိုထို သက်လွှတ်ပွဲ၊ ဆင်ကာနွဲပြန်
ပျော်ပွဲသာမက၊ ပြည့်ဝအဓိပ္ပာယ်
ကုံလုံကြွယ်သား၊ နောင်မယ်ညီဘွား၊ ညီမများတို့
မှတ်သားရအောင်၊ သတိဆောင်လေ့
ကုန်းဘောင်မက၊ ခေတ်အင်းဝတွင်၊ အစပျိုးကြောင်း
ရှေးဟောင်းသမိုင်း၊ သက်သေနှိုင်းစရာ
ထုံ့ပိုင်းဆစ်ပြန်၊ ပြည်ပုဂံဝယ်
နံရံဆေးရေး ပြနိုင်၏...။
* ဤမျှရှေးကျ၊ လွန်လှပသည့်
မြန်မာ့ရိုးရာ၊ ထိုအတာကို
သေချာထိန်းရန်၊ ဤတာဝန်ကား
သာမန်မဟုတ်ကြောင်း၊ သက်သေလောင်းပေ့ါ
ကောင်းမြတ်စဉ်လာ၊ ရှိ၍သာလျှင်
ကမ္ဘာအဆင့်၊ ဂုဏ်ထည်ဝင့်ခဲ့
ဒြပ်မဲ့အမွေအနှစ်၊ နံပါတ်တစ်ရပြီ
ချစ်သောသင်္ကြန် ဂုဏ်ထည်ဘိ...။
လက်ဆင့်ကမ်းရန် တာဝန်ရှိ...။

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့က ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့တွင် ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် ယူနက်စကို ဒြပ်မဲ့အမွေအနှစ်ညီလာခံတွင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို မြန်မာနိုင်ငံအတွက် ပထမဆုံးကမ္ဘာ့ဒြပ်မဲ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရခြင်းအား ဂုဏ်ပြုရင်း ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသူအားလုံးအပေါ် ကျေးဇူးတင်စွာဖြင့် ဂုဏ်ပြုစပ်ဆိုပါသည်။)

**စစ်တွေမေလတ်ဖုံ**

# မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရဲ့ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တွေကို စာရင်းကောက်ယူ မှတ်တမ်းပြုစုထားတာ လက်ရှိမှာ နှစ်ထောင့်နှစ်ရာကျော် ရှိနေပါပြီ

**ဒေါ်စန္ဒာခင်**

မြန်မာပြည်သူအားလုံး မြတ်နိုးတန်ဖိုးထားရသည့် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ထည့်သွင်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပြီး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းဆောင်ရွက်နိုင်ခြင်းသည် မြန်မာပြည်သူများအတွက် တန်ဖိုးထားဂုဏ်ယူရသည့် သမိုင်းဝင်အောင်မြင်မှုလည်းဖြစ်သည်။ ထိုသို့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ပါဝင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ စိမ်းလန်းစိုပြည်ဥယျာဉ်၌ ကျင်းပခဲ့ပြီး ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၏ စကားသံများကို ဖော်ပြအပ်ပါသည်။




**ဒေါ်စန္ဒာခင်**
**ဥက္ကဋ္ဌ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**

အတာသင်္ကြန်ဆိုတာ ကမ္ဘာကအသိအမှတ်ပြုလိုက်တဲ့ မြန်မာရဲ့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေဖြစ်သွားပါပြီ။ ကျွန်မတို့ နိုင်ငံက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို ကမ္ဘာက အသိအမှတ်ပြုခဲ့တဲ့ ပထမဦးဆုံး အမွေအနှစ်တစ်ခုဖြစ်လာပါတယ်။ နိုင်ငံတိုင်းမှာ ယဉ်ကျေးမှုအမွေအနှစ်တွေ မြောက်မြားစွာ ရှိကြပါတယ်။ ဒီထဲမှာ ဒြပ်ရှိတဲ့ယဉ်ကျေးမှုအမွေအနှစ်တွေရှိသလို ဒြပ်မဲ့ဆိုင်ရာ ယဉ်ကျေးမှုတွေရှိကြပါတယ်။ ယူနက်စကိုက နိုင်ငံအသီးသီးမှာ ဒြပ်မဲ့ယဉ်ကျေးမှုတွေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီကို ၂၀၀၃ ခုနှစ်မှာ ဖွဲ့စည်းတယ်၊ မြန်မာနိုင်ငံက ၂၀၁၃ ခုနှစ်မှာ အဲဒီကွန်ဗင်းရှင်းကို ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။

ကမ္ဘာ့အမွေအနှစ်ဖြစ်လာဖို့ ဦးစွာ အမျိုးသားအဆင့် အမွေအနှစ်ဖြစ်ဖို့လိုပါတယ်၊ အဖွဲ့ဝင် မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရဲ့ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို စာရင်းကောက်ယူ မှတ်တမ်းပြုစုထားတာ လက်ရှိမှာ နှစ်ထောင့်နှစ်ရာကျော် ရှိနေပါပြီ။ ဒီလို အမျိုးသားအဆင့် အမွေအနှစ်များထဲက ကမ္ဘာ့အဆင့်အထိ ရရှိနိုင်တဲ့ ပိုပြီး outstanding ဖြစ်တဲ့ အမွေအနှစ်ကို အရင်ဆုံးရွေးချယ်ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အဓိက တာဝန်ယူဆောင်ရွက်ပါတယ်။ ပြီးတော့ ယူနက်စကိုနဲ့ဆက်နွယ်တဲ့ ပြင်သစ်နိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးကလည်း ယူနက်စကို သံအမတ်အဖြစ် ဆောင်ရွက်ပေးပါတယ်။ သက်ဆိုင်ရာ ပညာရှင်တွေ၊ လူမှုအဖွဲ့အစည်းတွေအပြင် တစ်ဦးချင်း တစ်ယောက်ချင်းစီကပါ ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့အမွေအနှစ်အဖြစ် ဖြစ်လာတယ်။

တစ်မျိုးသားလုံးရဲ့ အမွေအနှစ်၊ တစ်နိုင်ငံလုံးကို လွှမ်းခြုံတဲ့ အမွေအနှစ်ဖြစ်တဲ့အတွက် ဆန္ဒရှိမယ်၊ အားလုံးပူးပေါင်းပါဝင်ကြမယ်ဆိုရင် ဒီအမွေအနှစ်ဟာ ကမ္ဘာ့အမွေအနှစ် ဖြစ်လာမှာပါပဲ။ ဒီအတွက် ဆောင်ရွက်ရမယ့် အချက်တွေတော့ ရှိပါတယ်။ ကမ္ဘာ့အမွေအနှစ်တစ်ခု ဖြစ်လာဖို့ သူ့ရဲ့တန်ဖိုးကြီးမှုတွေ၊ သူ့ရဲ့စစ်မှန်မှုတွေ၊ သမိုင်းအစဉ်အလာတွေ၊ နိုင်ငံသားတွေရဲ့ တန်ဖိုးထားမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုဒါတွေအားလုံးကို စုပေါင်းပြီး စာတွဲတွေ တင်ပြရပါတယ်။ ပဏာမမှုကြမ်းကနေစပြီး လိုအပ်ချက်အဆင့်ဆင့်ကို ဖြတ်ကျော်ပြီး ပြည့်စုံအောင် ဆောင်ရွက်သွားရမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဝန်ကြီးဌာနက ဦးဆောင်ပြီး ဘာသာရပ်ဆိုင်ရာ ပညာရှင်တွေ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ပညာရှင်အဖွဲ့တွေ၊ ယဉ်ကျေးမှုဆိုင်ရာ အသင်းအဖွဲ့တွေအားလုံး စုပေါင်းလုပ်ဆောင်ရတာ ဖြစ်ပါတယ်။

အဲဒီလို စုပေါင်းအားနဲ့ အတာသင်္ကြန်ကို ၂၀၂၃ ခုနှစ် မတ်လမှာ ယူနက်စကိုကို တင်ပြခဲ့တယ်။ လိုအပ်ချက်တွေအတွက် ထပ်မံဖြည့်စွက် ဆောင်ရွက်ခဲ့ကြပါတယ်။ အတာသင်္ကြန်ဆိုတာ သမိုင်းအစဉ်အလာကြီးမှု၊ ခိုင်မာမှု၊ စစ်မှန်မှု၊ စုပေါင်းဆောင်ရွက်မှု၊ ချစ်ခင်ရင်းနှီးမှု၊ တန်ဖိုးထားမြတ်နိုးမှု၊ အရွယ်မရွေး၊ ကျား မ မရွေး၊ တိုင်းရင်းသားပေါင်းစုံ ပါဝင်ဆင်နွှဲမှု၊ မေတ္တာစေတနာထားမှု ကုသိုလ်ကောင်းမှု စတဲ့ ဝိသေသတွေနဲ့ ပြည့်စုံတဲ့ချစ်စရာကောင်းတဲ့ ပွဲတော်တစ်ခုဖြစ်တာကြောင့် ကမ္ဘာ့အမွေအနှစ်အဖြစ် ထိုက်ထိုက်တန်တန်ရခဲ့တာ ဖြစ်ပါတယ်။

**ဒေါ်နန်းလောဝ်ငင်း**
**ညွှန်ကြားရေးမှူး အမျိုးသားပြတိုက်(ရန်ကုန်) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်**

ယဉ်ကျေးမှုမှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ဒြပ်ရှိယဉ်ကျေးမှုနဲ့ ဒြပ်မဲ့ယဉ်ကျေးမှုတွေ ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်း ပျူမြို့ဟောင်းတွေ၊ ထိတွေ့ကိုင်တွယ်လို့ရတဲ့ပစ္စည်းတွေ၊ အရာဝတ္ထုတွေကို ဒြပ်ရှိယဉ်ကျေးမှုလို့ သတ်မှတ်ပါတယ်။ ဒြပ်မဲ့ယဉ်ကျေးမှုကတော့ ရုပ်အကောင်အထည်ဖော်ပြလို့မရတဲ့ ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါတယ်။ တချို့က စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုလို့လည်း ပြောကြပါတယ်။ နိုင်ငံတကာမှာတော့ ဒြပ်မဲ့ယဉ်ကျေးမှုလို့ ခေါ်ကြပါတယ်။

ပညာရှင်တွေကတော့ ဒြပ်ရှိယဉ်ကျေးမှုတွေ ရှိနေရုံနဲ့ လူ့အဖွဲ့အစည်းက အရေးကြီးတယ်လို့ သတ်မှတ်ချက်မထားဘူး။ လူ့အဖွဲ့အစည်းတစ်ခု ယဉ်ကျေးတယ်၊ မယဉ်ကျေးဘူးဆိုတာ တိုင်းတာတဲ့အခါမှာ အဓိကဒြပ်မဲ့ယဉ်ကျေးမှုက အဓိကကျပါတယ်။ ဒါကြောင့် ဒြပ်မဲ့ယဉ်ကျေးမှုရဲ့ အရေးပါတဲ့ ကဏ္ဍကို ပြည်သူလူထုတွေသိရှိဖို့ အမြဲတမ်း အသိပညာပေးနေတာရှိပါတယ်။

ဒြပ်ရှိယဉ်ကျေးမှုနဲ့ ဒြပ်မဲ့ယဉ်ကျေးမှုရဲ့ ခြားနားချက်ကို ဒြပ်ရှိယဉ်ကျေးမှုပညာရှင်တွေက ရေးသွင်းပြီးတော့မှ ကမ္ဘာ့အမွေအနှစ်ကို တင်သွင်းရတာဖြစ်ပါတယ်။ ဒြပ်မဲ့ယဉ်ကျေးမှုကို အစိုးရအဖွဲ့က တင်သွင်းလို့မရပါဘူး။ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းတွေအားလုံးစုပေါင်းပြီး တင်သွင်းရတာဖြစ်ပါတယ်။

ဒါကြောင့် အတာသင်္ကြန်ပွဲတော်ကို အဖွဲ့အစည်းပေါင်းစုံ အားလုံးစုပေါင်းပြီးမှ ရေးသွင်းခဲ့ပါတယ်။ ဒါလေးကတစ်ချက်ပါ။

နောက်တစ်ခုက (၁၉) ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံမှာ နိုင်ငံပေါင်း ၁၈၅ နိုင်ငံ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ၁၈၅ နိုင်ငံမှာ တက်ရောက်သူဦးရေ ၈၀၀ ကျော်ရှိပါတယ်။ အဲဒီ ဒြပ်မဲ့ယဉ်ကျေးမှုညီလာခံမှာ အပိုင်းသုံးပိုင်းခွဲခြားဆုံးဖြတ်ပါတယ်။ ပထမပိုင်းက အဆောတလျင် ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်တယ်။ ဥပမာ ပြောရမယ်ဆိုရင် မြန်မာနိုင်ငံမှာ တကယ့်ကို ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ချင်းလူမျိုးတွေရဲ့ နှာခေါင်းနဲ့ ပလွေမှုတ်တဲ့ အလေ့အထမျိုးကို ယူနက်စကိုမှာ တင်သွင်းပေးတာမျိုးရှိတယ်။ ပြီးတော့ သင်္ကြန်ပွဲတော်လို အမွေအနှစ်မျိုးဖြစ်ပါတယ်။ ဒီလိုမျိုးကိုတော့ နိုင်ငံအတော်များများကလည်း တင်သွင်းကြတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် အင်မတန်ကြွယ်ဝတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့် နောက်နှစ်တွေမှာလည်း နှစ်စဉ် တစ်ခုတစ်ခု တင်သွင်းနိုင်ဖို့ ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာလဲ့လဲ့အောင်**
**ညွှန်ကြားရေးမှူး**
**အနုပညာဦးစီးဌာန**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

(၁၉)ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံမှာ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်စာတမ်းကို တင်လိုက်တဲ့အခါ မြန်မာ့ပြက္ခဒိန်က ကမ္ဘာနဲ့မတူပါဘူး။ တန်ခူးကနေစပြီး တပေါင်းပြီးတဲ့အခါမှာ ပြက္ခဒိန်ရဲ့အချက်အလက်တွေကိုလည်း ကြည့်ပါတယ်။ ကျွန်မတို့ရဲ့ မြန်မာ့ရိုးရာ နှစ်သစ်ကူးကာလအချိန်က ရာသီဥတုက အလွန်ပူပါတယ်။ ရှေးယခင်ခေတ်ကတည်းက အပူကို သက်သာအောင် နှစ်ဟောင်းက အညစ်အကြေးတွေကို နှစ်သစ်မှာမပါအောင် ရေနဲ့ပက်ဖျန်းကြတယ်။

သင်္ကြန်မှာ ကျွန်မတို့ မြန်မာတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးတမ်းတွေ၊ ရှင်သန်မှုတွေ၊ အများကြီးမြင်တွေ့ရတယ်။ ရေပက်ကစားရုံတင်မဟုတ်ဘဲ အတာသင်္ကြန်ကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့သူ ကမ္ဘာ့သားတွေအတွက် ကောင်းမြတ်တဲ့ အစဉ်အလာတွေကို ဆောင်ကြဉ်းနိုင်ဖို့ သတ်မှတ်ရေးသွင်းခဲ့တာဖြစ်ပါတယ်။

ချိုကြီး၊ ခတ်ပုံ - သီဟ

## ကျိုက်လတ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အသိပညာပေးဟောပြော

ကျိုက်လတ် ဒီဇင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၄) ရပ်ကွက် ပညာဝတီအမျိုးသမီးဘဝမြှင့်တင်ရေးဂေဟာ၌ ကျင်းပသည်။ (ဝဲပုံ)



ဦးစွာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေး ဆွေးနွေးဟောပြောပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုရဲအုပ်ဥမ္မာမြင့်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဖြစ်စဉ်များနှင့် ပြစ်မှုပြစ်ဒဏ်များ၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများက ပညာဝတီအမျိုးသမီးဘဝ မြှင့်တင်ရေးဂေဟာရှိ အမျိုးသမီးငယ်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

### တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# ဖြစ်သင့်တာတွေ ဖြစ်ကြစေဖို့

မောင်အောင်

"ကိုအောင်ရေ ငါ့ညီကလည်းရုံးဆင်းတာ နောက်ကျလှပါလား။ ဘာတွေများ ဒီလောက် အရေးကြီးနေလို့လဲ။"

ကျွန်တော် ရုံးကနေအိမ်ပြန်ရောက်တော့ ည ၇ နာရီခွဲနေပြီ။ အိမ်တံခါးဝတွင် ကျွန်တော့် အစ်ကိုကြီး စောင့်ကြိုနှုတ်ဆက်လိုက်သဖြင့် အံ့ဩမိသည်။ အစ်ကိုကြီးက နယ်မှာနေသူဖြစ်သည်။ ဘာကိစ္စကြောင့် ကျွန်တော့်အိမ်သို့ ရောက်လာသည်မသိ။

"အရေးကြီးအစည်းအဝေးတစ်ခု တက်နေလို့ပါ အစ်ကိုကြီးရယ်။ အဲ နောက်ပြီး နိုင်ငံတော်ရဲ့ လစာယူထားတော့ **"သူ့ဆန်စားတော့ ရဲရတာပေါ့။"** နိုင်ငံတော်တာဝန် ကျေပွန်ရတာပေါ့။ အစ်ကိုကြီး ကရော ဘာကိစ္စနဲ့ရောက်လာတာလဲ။ အရေးကြီးသလား။"

"အေး အရေးကြီးတာပေါ့ကွ။ ဒါနဲ့မင်းအရေးကြီးတဲ့ အစည်းအဝေးဆိုတာ ဘာအစည်းအဝေးလဲ" အစ်ကိုကြီးက စိတ်ဝင်တစားမေးလာသည်။

"အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥကုန်ဈေးနှုန်းတက်နေတာနဲ့ ပတ်သက်ပြီး ကျဆင်းရေး အစည်းအဝေးပါ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှာ လုပ်တာပါ။"

"ဟုတ်လား၊ တိုက်တိုက်ဆိုင်ဆိုင်ကွာ။ ငါကလည်း မင်းတို့နိုင်ငံတော်မှာ တာဝန်ရှိတဲ့ လူကြီးတွေ တို့ပြည်သူတွေ နေ့စဉ်စားသောက်နေတဲ့ အခြေခံစားသောက်ကုန်တွေနဲ့ ပတ်သက်ပြီး ကုန်ဈေးနှုန်းရော သိရဲ့လား။ ဒီလိုပဲ လက်ပိုက်ကြည့်နေတော့မှာလားလို့ မေးချင်နေတာ။ မင်းကတော့ သိချင်မှသိမှာ။ မင်းအိမ်မှာ ကြက်တွေ၊ ဘဲတွေ မွေးထားတော့ ကြက်ဥ၊ ဘဲဥ အလကားစားရတဲ့အပြင် သူများတွေ ကိုတောင် ပေးရတယ်လို့ မင်းတပည့်တွေပြောတယ်။ ကဲ... ဒီတော့ မင်းတို့ဒီနေ့ဘာတွေ ဆွေးနွေးတယ်၊ ပြောကြတယ်ဆိုတာ ပြောစမ်းပါဦး။"

"လာ အစ်ကိုကြီး၊ အိမ်ထဲဝင်ပြီး ဧည့်ခန်းမှာ ပြောကြရအောင်"

အစ်ကိုကြီး လက်ကိုဆွဲပြီး ဧည့်ခန်းထဲ ဝင်ခဲ့ကြသည်။

"အစ်ကိုကြီးရယ်၊ အစိုးရနဲ့ပြည်သူဆိုတာ မိဘနဲ့ သားသမီးလိုပါပဲ။ ဘယ်မိဘမဆို၊ ကိုယ့်သားသမီးအတွက် ကောင်းရာကောင်းကြောင်း၊ ဘဝဖွံ့ဖြိုးတိုးတက်ဖို့ ရှာကြံပေးနေတာပါ။ မတတ်သာလို့ တချို့ကိစ္စတွေ ချက်ချင်းလုပ်မပေးနိုင်ပေမယ့် လုပ်ပေးရမယ်ဆိုတာ အမြဲတမ်း ခံယူပြီးသားပါ။

"အထူးသဖြင့် အစ်ကိုကြီး အခုပြောတဲ့ အခြေခံစားသောက်ကုန်တွေ ကုန်ဈေးနှုန်း ကြီးမြင့်နေတဲ့ကိစ္စ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာ လုံးဝတာဝန်ရှိပါတယ်။ ကျွန်တော်တို့ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာကအစ၊ ဝါ၊ ကော်ဖီ၊ ရော်ဘာ၊ ဆီအုန်းပါမကျန် စိုက်လို့ရတာမှန်သမျှ စိုက်ကြ၊ ပျိုးကြအောင် ပညာပေး စည်းရုံးဆောင်ရွက်တယ်။ တောင်သူတွေလိုအပ်တာ ကူညီဆောင်ရွက်ပေးနေပါတယ်။ အလားတူပဲ မွေးမြူရေးမှာလည်း ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ သိုး၊ ဆိတ်၊ ဘဲပါမကျန် မွေးမြူကြအောင် ကူညီဆောင်ရွက်ပေးတယ်။ နည်းပညာတွေ ပေးတယ်။ ရောဂါကာကွယ်ကုသရေးတွေ လုပ်ပေးပါတယ်။ များများစိုက်မှ၊ များများမွေးမှ၊ စားရေရိက္ခာဖူလုံကြွယ်ဝမှာ ဖြစ်လို့ "စားလို့ရတာ အကုန်စိုက်၊ စားလို့ရတာ အကုန်မွေးဖို့" တွန်းအားပေး ဆောင်ရွက်နေပါတယ်။"

> * **ကြက်ဥဈေးတက်ရခြင်း အကြောင်းရင်းအနေနဲ့ မွေးမြူတဲ့ကောင်ရေ လျော့နည်းသွားတဲ့အတွက် ကြက်ဥရရှိမှုနည်းသွားပြီး ဈေးတက်လာခြင်းဖြစ်တယ်။ မွေးမြူတဲ့ကြက်ကောင်ရေ လျော့နည်းရတာကလည်း သဘာဝမုန်တိုင်းဒဏ်ကြောင့် ဆုံးရှုံးပျက်စီးရခြင်းဖြစ်သလို နယ်မြေဒေသလုံခြုံအေးချမ်းမှု မရှိတဲ့အတွက် ဆက်လက်မမွေးမြူနိုင်တဲ့ နေရာတွေရှိတယ်။ ဒါ့အပြင် မျိုးကြက်တင်သွင်းမှု လျော့ကျရခြင်းကြောင့်လည်း ဖြစ်တယ်**

"အေး... ကိုအောင်၊ ငါ့ကိုလာပြီး သီအိုရီတွေ လိုက်ပြီး တရားဟောမနေနဲ့။ ငါက လက်တွေ့သမား၊ မင်းတို့ဒီနေ့ အစည်းအဝေးမှာ ဘယ်သူတွေ တက်ရောက်ကြပြီး တို့ပြည်သူတွေအတွက် အခြေခံစားသောက်ကုန်တွေ ကုန်ဈေးနှုန်းကြီးမြင့်နေတာ ကျဆင်းရေးအတွက် ဘာတွေဆွေးနွေးကြတယ်ဆိုတာ ငါသိချင်တယ်၊ ပြောလို့ရရင် ပြောစမ်းပါကွာ"

အစ်ကိုကြီးက သူသိချင်တာကို ဒွဲမေးလာသည်။

"ဟုတ်ကဲ့၊ ဒီနေ့အစည်းအဝေးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် နှစ်ဦးရယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဒုတိယဝန်ကြီးနှစ်ဦးရယ်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တိရစ္ဆာန်ဆေးဝါးအသင်းဥက္ကဋ္ဌ၊ ကြက်၊ ဝက်မွေးမြူတဲ့ ကုမ္ပဏီကြီးတာဝန်ခံနဲ့ ဟင်းသီးဟင်းရွက်နဲ့ မီးဖိုချောင်သီးနှံများ တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌတို့ တက်ရောက်ကြပါတယ်။

"အစည်းအဝေး စစချင်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က ပြည်သူတွေ၊ အခြေခံလူတန်းစားတွေအတွက် စားဝတ်နေရေးက အရေးကြီးတယ်။ ဒီကိစ္စကို နိုင်ငံတော်အနေနဲ့ အလေးထား ဂရုစိုက်ဆောင်ရွက်နေတယ်။ အခြေခံစားကုန်ဈေးနှုန်းတွေဟာ ၂၀၂၁ ခုနှစ်ကနဲ့စာရင် နှစ်ဆခန့်မြင့်တက်နေတယ်။ အထူးသဖြင့် ကြက်ဥဈေးက ဒီနေ့အချိန်မှာ ၄၀၀ ကျော် ၅၀၀ ဝန်းကျင် ဖြစ်နေတယ်။ ကျန်ပစ္စည်းတွေ ဈေးတက်တာက မထောင်းတာလှပေမယ့် အခြေခံစားကုန်မှာ ဈေးမတက်သင့်ဘူး။ ဒါကြောင့် စားသောက်ကုန်နဲ့ ပတ်သက်လို့ တာဝန်ရှိသူတွေကို ခေါ်ယူဆွေးနွေးခြင်း ဖြစ်တယ်တဲ့။ အားနာစရာမလို၊ ကွယ်ဝှက်စရာမလိုဘဲ ပွင့်ပွင့်လင်းလင်း ထောက်ပြအကြံပြုစေလိုတယ်။ ပထမဆုံး ကြက်ဥ၊ ဘဲဥ အသင်းဥက္ကဋ္ဌအနေနဲ့ ကြက်ဥဘာ့ကြောင့် ဈေးတက်ရသလဲ။ ပြည်သူအများ ဈေးသက်သက်သာသာနဲ့ စားနိုင်အောင်၊ ဈေးကျအောင် ဘယ်လိုလုပ်သင့်သလဲဆိုတာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးစေလိုပါတယ်ဆိုပြီး ပြောကြားပါတယ်။"

"ကြက်ဥ၊ ဘဲဥရောင်းချသူများ အသင်းဥက္ကဋ္ဌက ကြက်ဥဈေးတက်ရခြင်း အကြောင်းရင်းအနေနဲ့ မွေးမြူတဲ့ကောင်ရေ လျော့နည်းသွားတဲ့အတွက် ကြက်ဥရရှိမှုနည်းသွားပြီး ဈေးတက်လာခြင်း ဖြစ်တယ်။ မွေးမြူတဲ့ကြက်ကောင်ရေ လျော့နည်းရတာကလည်း သဘာဝမုန်တိုင်းဒဏ်ကြောင့် ဆုံးရှုံးပျက်စီးရခြင်းဖြစ်သလို နယ်မြေဒေသလုံခြုံအေးချမ်းမှု မရှိတဲ့အတွက် ဆက်လက်မမွေးမြူနိုင်တဲ့ နေရာတွေရှိတယ်။ ဒါ့အပြင် မျိုးကြက်တင်သွင်းမှု လျော့ကျရခြင်းကြောင့်လည်း ဖြစ်တယ်။ ဘိုးဘွားမျိုးရိုး (Grand Parent Stock)၊ မိဘမျိုးရိုး (Parent Stock)၊ ကြက်ပေါက်တွေ ယခင်ကပုံမှန် တင်သွင်းလို့ရတယ်။ ပြီးခဲ့တဲ့ ခြောက်လလောက်က တင်သွင်းမှုကန့်သတ်လို့ ယခုအချိန်မှာ မျိုးကြက်မအင်အား တစ်ဝက်လောက် လျော့ကျလျက်ရှိတယ်။ အရင်က ရက်သား ကြက်ပေါင်ကောင်ရေ တစ်လ သိန်း ၁၂၀၊ ၁၃၅ သိန်း ထုတ်လုပ်ခဲ့ပေမယ့် အခုအချိန်မှာ သိန်း ၇၀ လောက်သာ ထုတ်လုပ်နိုင်လို့ ကြက်ကောင်ရေ လျော့ပြီး ကြက်ဥလည်း လျော့နည်းထွက်ရှိတာမို့ ဈေးနှုန်းတက်ရခြင်း ဖြစ်ပါတယ်ဆိုပြီး တင်ပြပါတယ်။"

"ဒီလိုကျတော့ မင်းတို့အစည်းအဝေးက တကယ့်ကို လက်တွေ့ကျတဲ့ အစည်းအဝေးပဲကွ။ အဲဒီတော့ တက်ရောက်လာတဲ့ အကြီးအကဲတွေက ဘာပြောလဲ"

အစ်ကိုကြီးက မှတ်ချက်ပြုလိုက်သည်။ တစ်ဆက်တည်းတွင်လည်း သူသိချင်တာကို မေးလာသည်။

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး အကြီးအကဲတွေက စီးပွားကူးသန်း ဒုတိယဝန်ကြီးနဲ့ စိုက်မွေးဆည် ဒုတိယဝန်ကြီးကို အဲဒီလိုဖြစ်ခဲ့ရတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သတိပြုမိသလား။ သတိပြုမိရင် ဘာလုပ်ပေးခဲ့သလဲ။ အခုလည်း ဘာလုပ်ကြမလဲဆိုတာကို မေးတယ်။"

"စီးပွားကူးသန်း ဒုတိယဝန်ကြီးကတော့ ဒီအခြေအနေတွေ ဖြစ်မယ်ဆိုတာသိရလို့ စိုက်မွေးဆည် မွေးမြူရေးဒုတိယဝန်ကြီးနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး ဘိုးဘွားမျိုးရိုး ကြက်ပေါက်၊ ကြက်ရောဂါကာကွယ်ဆေးနဲ့၊ ကြက်စာမှာ ထည့်သွင်းရောစပ်တဲ့ ဆေးဝါးနဲ့ ဖြည့်စွက်စာတွေကို အတတ်နိုင်ဆုံး ဦးစားပေးပြီး တင်သွင်းခွင့်ရရှိရေး ဆောင်ရွက်ပေးနေတယ်လို့ ပြန်ပြီး ရှင်းလင်းဆွေးနွေးပါတယ်။ မွေးမြူရေးဒုတိယဝန်ကြီးကလည်း အခုလို ကြက်ဥ ကြက်သား ကုန်ဈေးနှုန်းမတက်ခင် လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှာ မွေးမြူရေးသမား၊ မွေးမြူရေးအစာ၊ ထုတ်လုပ်တင်သွင်းရောင်းချသူတွေ၊ ကြက်ဥ ကြက်သား တင်သွင်းရောင်းချသူတွေနဲ့ တွေ့ဆုံဆွေးနွေးပြီး ဘိုးဘွားမျိုးရိုး ကြက်ပေါက်တွေ အလုံအလောက်တင်သွင်းရေး၊ ကြက်စာထဲမှာ ရောစပ်ရတဲ့ ဗီတာမင်နဲ့ ဖြည့်စွက်စာတွေ တင်သွင်းခွင့် စနစ်တကျဖြစ်ရေး ဆွေးနွေးညှိနှိုင်းတဲ့အကြောင်း ရှင်းပြပါတယ်။

"ဒီနေရာမှာ တစ်ခုအခက်အခဲ ဖြစ်သွားတာက ဘိုးဘွားမျိုးရိုးကြက်ပေါက်တွေ၊ ကြက် ဘဲ ရောဂါကာကွယ်ဆေးတွေနဲ့ ကြက်စာထဲမှာ ထည့်သွင်းရောစပ်ရတဲ့ ဆေးဝါးနဲ့ဖြည့်စွက်စာတွေက ပြည်ပက နိုင်ငံခြားငွေနဲ့တင်သွင်းရပြီး ပြည်တွင်းမှာကျတော့ ကိုယ်ပြည်တွင်းငွေနဲ့ ပြန်ပြီး ဖြန့်ရတာကြောင့် နိုင်ငံခြားငွေရရှိဖို့၊ ပြဖို့ အခက်အခဲရှိခဲ့တာပဲ။ အဲဒီကိစ္စလည်း ရှင်းလင်း ဆွေးနွေးတင်ပြတော့၊ အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ ပြေလည်မှုတော့ရခဲ့ပါတယ်။ ဒါပေမယ့် အဲဒီကြားကာလမှာ နည်းနည်းအခက်အခဲ ရှိခဲ့တာပါ။"

> **" ဒီနေရာမှာ တစ်ခုအခက်အခဲ ဖြစ်သွားတာက ဘိုးဘွားမျိုးရိုးကြက်ပေါက်တွေ၊ ကြက်ဘဲ ရောဂါကာကွယ်ဆေးတွေနဲ့ ကြက်စာထဲမှာ ထည့်သွင်းရောစပ်ရတဲ့ ဆေးဝါးနဲ့ဖြည့်စွက်စာတွေက ပြည်ပက နိုင်ငံခြားငွေနဲ့တင်သွင်းရပြီး ပြည်တွင်းမှာကျတော့ ကိုယ်ပြည်တွင်းငွေနဲ့ပြန်ပြီး ဖြန့်ရတာကြောင့် နိုင်ငံခြားငွေရရှိဖို့၊ ပြဖို့ အခက်အခဲရှိခဲ့တာပဲ။ အဲဒီကိစ္စလည်း ရှင်းလင်းဆွေးနွေးတင်ပြတော့၊ အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ ပြေလည်မှုတော့ရခဲ့ပါတယ်။ ဒါပေမယ့် အဲဒီကြားကာလမှာ နည်းနည်းအခက်အခဲ ရှိခဲ့တာပါ"**

"အေး မင်းပြောပြတာသိရတော့ အတော်လေး ကောင်းတယ်ကွာ။ တို့လူကြီးတွေကိုယ်တိုင် တို့ပြည်သူတွေ၊ အခြေခံလူတန်းစားတွေရဲ့ အရေးကိစ္စ စိတ်ဝင်စားတယ်ဆိုတော့၊ ငါအတော်လေး ကျေနပ်တယ်။ ကျေးဇူးလည်းတင်တယ်။"

အစ်ကိုကြီးက ဟန်ဆောင်တတ်သူ မဟုတ်ပါ။ တောသားကြီးပီပီ သူကြိုက်လျှင် ကြိုက်သည်။ မကြိုက်လျှင်လည်း မကြိုက်ဘူးဆိုတာကို တဲ့တိုးပြောတတ်သူဖြစ်သည်။

"အစ်ကိုကြီးရေ၊ ဒီထက်ကျေးဇူးတင်ဖို့ ကြိုက်ဖို့ ကောင်းတာက၊ ကျွန်တော်တို့နဲ့တွေ့တဲ့ လူကြီး ပြောတဲ့ စကားတစ်ခွန်းက တန်ဖိုးအရှိဆုံး မှတ်သားလောက်စရာ အကောင်းဆုံးပါပဲ။ ဘာစကားလဲဆိုတော့ စိုက်ပျိုးရေးပဲလုပ်လုပ်၊ မွေးမြူရေးပဲလုပ်လုပ် ကိုယ့်အသက်မွေးဝမ်းကျောင်းအတွက် အမြတ်ရဖို့ အကျိုးရှိဖို့လုပ်တာတော့ မှန်ပါတယ်။ အဲ... ဒါပေမယ့် သတိပြုဖို့က "ဖြစ်ချင်တာရယ်၊ ဖြစ်သင့်တာရယ်၊ ဖြစ်ရမှာရယ်" ကို တွက်ဖို့လိုပါတယ်။ အထူးသဖြင့် အများပြည်သူအတွက် အစားအစာထုတ်လုပ် ရောင်းချတဲ့လုပ်ငန်း ဖြစ်တဲ့အတွက် ဖြစ်ချင်တာဆိုတဲ့ အမြတ်များများရဖို့ကို မတွက်သင့်ဘူး။ အများပြည်သူ အဆင်ပြေမယ့် ဖြစ်သင့်တဲ့ အမြတ်နဲ့ မျှတတဲ့ဈေးနှုန်းဖြစ်ဖို့ လိုတယ်။ အဲဒါမှ အစားအစာ ထုတ်လုပ်ရောင်းချတဲ့အလုပ်ဟာ "ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ အလုပ်ဖြစ်မှာပါတဲ့။"

"အေးကွာ။ အဲဒီစကားကတော့ တို့ပြည်သူတွေအားလုံး တစ်သက်လုံး လိုက်နာကျင့်သုံးသင့်တဲ့ စကားပဲကွာ။"

အစ်ကိုကြီးက တွေးတွေးဆဆ မှတ်ချက်ချလိုက်ခြင်း ဖြစ်ပါသည်။ ။



# ပြည်သူများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာမည်

**မကွေး ဒီဇင်ဘာ ၁၀**

၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၉ ရက်က မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ စုပေါင်းရုံးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင် များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်စဉ် ဒီဇင်ဘာလရောက်တိုင်း ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားများကို ကမ္ဘာတစ်ဝန်းလုံးမှာ ကျင်းပကြပြီး ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အိပ်ချ်အိုင်ဗွီပိုးရှိသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက နှီးကြားတက်ကြွသည့် စိတ်ဓာတ်များနှင့် ပူးပေါင်းပါဝင်ပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လုံးဝကင်းစင်ပပျောက်သွားသည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါသည် ပြည်သူလူထုကြားတွင် တစ်ပြေးညီ ကူးစက်ခံနေရသည်မဟုတ်ဘဲ ကူးစက်ရန် အန္တရာယ်များသော လူအုပ်စုများဖြစ်သည့် မူးယစ်ဆေးအကြောထဲထိုးသွင်းသူများ၊ အမျိုးသားအချင်းချင်း ချစ်ခင်စုံမက်သူများ၊ အိပ်ချ်အိုင်ဗွီကူးစက်ဖြစ်ပွားမှု အခြေအနေကို စောင့်ကြပ်ကြည့်ရှုခြင်း စစ်တမ်းများအရ တွေ့ရှိရကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အဓိကရည်မှန်းချက်များဖြစ်သည့် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုအသစ်မရှိစေရေး၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများ၊ ဝေဒနာရှင်များအား ခွဲခြားနှိမ့်ချမှုကင်းစင်ရေး၊ လိုအပ်သောဆေးကုသမှု ပြုစုကုသစောင့်ရှောက်မှုများ လက်လှမ်းမီရရှိကာ သေဆုံးမှုများလျှော့ချရေး စသည့် ရည်မှန်းချက်များပြည့်မီပြီး အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာနိုင်မည်လို့ ယုံကြည်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မြို့မရပ်ကွက် မြို့မ(ဗဟို)သာသနာပြုကျောင်း ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဘဒ္ဒန္တသောဘဏ (အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) သက်တော်(၈၈)နှစ်၊ သိက္ခာ (၆၈)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း (၁၀) ရက်၊ ဒီဇင်ဘာ ၁၀ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မြို့မရပ်ကွက် မြို့မ(ဗဟို)သာသနာပြုကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တသောဘဏ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျောက်ကန်ကျေးရွာ၌ ခမည်းတော် ဦးဖိုးရှိန် + မယ်တော် ဒေါ်ပုံတို့မှ ၁၂၉၉ ခုနှစ်၊ ဝါဆိုလဆန်း (၁၄) ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၉ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဦးကြာအောင် မိသားစုတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၉ ခုနှစ်၊ နယုန်လဆန်း (၉) ရက်နေ့တွင် မြင်းခြံမြို့နယ် ဇီးပင်ကန် သီရိရတနာကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသကို ဥပဇ္ဈာယ်ပြု၍ ဦးကြာအောင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဇီးပင်ကန်ကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဇီးပင်ကန် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ၊ မြင်းခြံမြို့ ပါဠိတက္ကသိုလ်ကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မသိရီ၊ မန္တလေးမြို့ ဓမ္မိကာရာမတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ကယားပြည်နယ်လုံးဆိုင်ရာ ပြည်နယ်ဘ/က ဥက္ကဋ္ဌ ဆရာတော်အဖြစ် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူခဲ့ပြီး ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၉ ခုနှစ်တွင် **“အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၈)နှစ်၊ သိက္ခာ (၆၈) ဝါအရ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း (၁၀)ရက်၊ (၁၀-၁၂-၂၀၂၄)ရက်၊ အင်္ဂါနေ့၊ နံနက် (၁၀:၃၀) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၈ သန်း ဝင်ရောက်ခဲ့

ပဲခူး ဒီဇင်ဘာ ၁၀

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၉ ရက်က ရင်းနှီးမြှုပ်နှံမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄) ကျင်းပသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြည်ပနိုင်ငံသို့ တင်ပို့နိုင်သည့် စက်ရုံ/အလုပ်ရုံများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် CMP စနစ်လုပ်ငန်းများ၊ တိရစ္ဆာန်အစာထုတ်လုပ်သည့် လုပ်ငန်းများ၊ စိုက်ပျိုးရေးသွင်းအားစု ထုတ်လုပ်သည့်လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်လုပ်ငန်းများနှင့် ဆိုလာစနစ်အသုံးပြုသည့် လုပ်ငန်းများ တွင်တွင်ကျယ်ကျယ် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ (၅) ရပ်အနက် လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် လယ်ယာကဏ္ဍများ တိုးတက်စေရေး ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အသစ်တိုးခြင်းတစ်ခု၊ မြန်မာနိုင်ငံသား ကုမ္ပဏီနှစ်ခုမှ လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် နှစ်ဘီး၊ သုံးဘီးတပ်ယာဉ် အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း နှစ်ခု၊ မတည်ရင်းနှီးငွေပမာဏ တိုးမြှင့်ခြင်းလုပ်ငန်းတစ်ခု၊ လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းလုပ်ငန်း တစ်ခုနှင့် တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်း လုပ်ငန်းတစ်ခုတို့၏ လုပ်ငန်းအမှုတွဲများကို ပါဝါပွိုင့်ဖြင့် တင်ပြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ၌ ဖက်စပ်



နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်တစ်ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၅၈၆ သန်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉၄ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၈ သန်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ၁၄၀ ဖန်တီးပေးနိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အထိ ပဲခူးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၀၁ ဒသမ ၈၀၂ သန်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၁၀၆၈၄၃ ဒသမ ၈၃၂ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၂၈၅၇ ဦး ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးမြို့၌ ထုတ်လုပ်မှုစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ ကြီးမှူး ဖွင့်လှစ်သည့် ထုတ်လုပ်မှုစွမ်း ဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၉ရက်က ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (ပဲခူးမြို့) သင်တန်းခန်းမ၌ ကျင်းပသည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီး ဌာန ဦးစီးမှူး ဒေါ်ခင်မာသက်က အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဆရာမ အလုပ်သမားညွှန်ကြား ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း)ဆရာမကြီး ဒေါ်ခင်မာအေး က သင်တန်းဆိုင်ရာ အချက် အလက်များကို ရှင်းလင်းပြော ကြားသည်။

အဆိုပါ ထုတ်လုပ်မှု စွမ်း ဆောင်ရည် မြှင့်တင်ရေးသင်တန်း ကို ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသူ ၂၂ ဦး တက်ရောက် ကာ ဝါရင့်ကျွမ်းကျင်နည်းပြ ဆရာ များက ကုန်ထုတ်စွမ်းအား၏ အခြေခံသဘောတရားများ၊ 5S မှ တစ်ဆင့် ကုန်ထုတ်စွမ်းအား၊ HR စီမံခန့်ခွဲမှု၊ အရည်အသွေး ထိန်းချုပ်မှု၊ ခေါင်းဆောင်မှု၊ စေ့ဆော်မှု၊ ဘေးကင်းရေးနှင့် ကျန်းမာရေး၊ အဖွဲ့လိုက်လုပ် ဆောင်ခြင်း၊ စုစုပေါင်း အရည် အသွေး၊ ကုန်ထုတ်စွမ်းအားနှင့် ဘဝ အရည်အသွေး၊ ကုန်ထုတ် စွမ်းအားမြှင့်တင်ရန် လေ့ကျင့် ရေးစနစ် စသည့်အကြောင်းအရာ များကို စာတွေ့၊ လက်တွေ့ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**သက်ထက်**



## သထုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**သထုံ ဒီဇင်ဘာ ၁၀**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၉ ရက်က အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာမကြီးကိုယ်စား အထက်တန်းပြဆရာမ နော်အက်စတာက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ဟောပြောပွဲပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် လူငယ်များဘက်စုံ ဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောရာ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ညောင်လေးပင်မြို့ မြို့မဈေးကြီးရှေ့၌ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

**ညောင်လေးပင် ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မဈေးကြီး၌ မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြုလုပ် သည့် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၉ ရက်က ဆောင်ရွက်သည်။



ဦးစွာ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဈေးအတွင်း ရှိ လျှပ်စစ်ဝိုင်ယာကြိုးသွယ်တန်းထားရှိမှုနှင့် ရေကန်၊ မီးသတ်ရေပိုက် များထားရှိမှုတို့ကို ကြည့်ရှုသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုဌေး က မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြောကြားခဲ့ပြီး မီးဘေး လုံခြုံရေးအတွက် ဈေးသူဈေးသားများ၊ စည်ပင်သာယာဝန်ထမ်းများ၊ မီးသတ်ဝန်ထမ်းများနှင့်ပူးပေါင်းကာ လက်တွေ့သရုပ်ပြ ငြိမ်းသတ် ကြကြောင်း သိရသည်။

**စွမ်းထက် (ညောင်လေးပင်)**

## မီးဘေးလုံခြုံရေး ကျွမ်းကျင်မှုဆင့်ပွားသင်တန်းများဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်မီးသတ်ဦးစီးမှူးများ မီးဘေး လုံခြုံရေးအထူးကျွမ်းကျင်မှုဆင့်ပွားသင်တန်းကို ဒီဇင်ဘာ ၉ ရက်က လှိုင်မြို့နယ်မီးသတ်ဦးစီးမှူးရုံးနှင့် ဗိုလ်တထောင်ခရိုင် မီးသတ်ဦးစီးမှူး ရုံးတို့၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ် ချက်ကို ပြောကြားသည်။ သင်တန်းသို့ လှိုင်မြို့နယ်၌ သင်တန်းသား ၂၀၊ ဗိုလ်တထောင်ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြပြီး ရက်သတ္တ တစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**





ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ လက်ထောက် မီးသတ်ဦးစီးမှူး ဦးထက်နိုင်ထွန်းနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ် ဝန်ထမ်းများ၊ ဈေးတာဝန်ရှိသူများပူးပေါင်း၍ ဒီဇင်ဘာ ၉ ရက်က ဒါးကစည်ပင်သာယာဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေ များကို ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ် (ပြန်/ဆက်)

## မအူပင်မြို့နယ် လယ်ကိုင်းကျေးရွာ၌ ရေသန့်စင်စနစ်လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မအူပင် ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေး ဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မအူပင်မြို့နယ် လယ်ကိုင်းကျေးရွာ၌ ရေသန့်စင်စနစ် လုပ်ငန်း ဆောင် ရွက်နေမှုများကို ဒီဇင်ဘာ ၉ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာသို့ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦး၊ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာမနားကီး၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာနှင့် ကျေးရွာရေရှိ ရေးကော်မတီများက လယ်ကိုင်းကျေးရွာ၌ ရေသန့်စင်စနစ် တပ်ဆင် ခြင်း၊ ရေစက်ရုံ၊ အုတ်ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“အစွန်းရောက်အကြမ်းဖက်တွေရဲ့ တော်လှန်ရေးခေါင်းစဉ်အောက်မှာ အသက်၊ ငွေကြေး၊ ဘဝတွေ ရင်းနှီးနေရသောပြည်သူများ”** ခေါင်းစဉ်ဖြင့် ၁၁-၁၂-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“လက်နက်ကိုင်သောင်းကျန်းသူများ ရဲ့ အဓမ္မဆက်ကြေးကောက်လမ်းစဉ်ကို ဖဝါးထပ်လိုက်လာတဲ့ အကြမ်းဖက် PDF တွေကြောင့် အညာဒေသမှ တောင်သူများဒုက္ခရောက်နေ”** ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင် နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ် များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေး ကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၁၀**

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၄ ခုနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သော ကျန်းမာရေးဌာနများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ထူးချွန်ဆုများ ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်၎င်းတို့၏ ဇနီးများက ပြသထားရှိသည့် ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး ခုခံကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ခုခံကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ Myanmar Positive Group (MPG)မှ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် "မေတ္တာစက်ဝိုင်း" သီချင်းကို သံပြိုင်သီဆို ဖျော်ဖြေသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ်အတွက် တိုင်းဒေသကြီးအတွင်း ခုခံကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်း များတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သော ကျန်းမာရေး ဌာနများကို ထူးချွန်ဆုများ ချီးမြှင့်ခဲ့ကြောင်းနှင့် Myanmar Positive Women Network (MPWN) နှင့် Myanmar Positive Group (MPG) အဖွဲ့ဝင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဖျာပုံမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂) ဖွင့်

**ဖျာပုံ ဒီဇင်ဘာ ၁၀**

ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက်က ဖျာပုံမြို့ အထက (၃)ကျောင်း မြမဥ္ဇူခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲတွင် ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက အမှာစကားပြောကြားပြီး ဖျာပုံခရိုင်ဥပဒေအရာရှိ ဒေါ်ဝေဝေဖြိုးက ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖျာပုံခရိုင်ဥပဒေရုံးမှ ဥပဒေအရာရှိ ခြောက်ဦးတို့က ခရိုင်အတွင်းရှိ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ အထက်တန်းအဆင့်၊ အထက်တန်းခွဲကျောင်းများမှ ဆရာ ဆရာမ ၁၅၄ ဦးကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေများကို ၁၀ရက်တိုင်တိုင် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**



## ၁၀ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်း** (၅,၃၅၀,၀၀၀) ကျပ်

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၁၂ - ၂၀၂၄ — ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၅၀၀ | ၈၉၇ | ၇၆၃၇၂၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၃၈၇၇ | ၁၂၂၂၃၁၀၀ |
| MCB | ၈၁၀၀ | ၈၃၀၀ | ၈၈၆ | ၇၁၇၆၈၀၀ |
| FPB | ၁၉၅၀ | ၂၀၀၀ | ၁၃၇ | ၂၇၂၄၅၀ |
| TMH | ၃၀၀၀ | ၃၀၀၀ | ၆၁၈ | ၁၈၅၄၀၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၅၂၂ | ၂၅၉၈၄၀၀ |
| AMATA | ၄၅၀၀ | ၄၅၀၀ | ၂၄၄ | ၁၀၉၈၀၀၀ |
| MAEX | ၃၁၅၀ | ၃၁၅၀ | ၁၆၀၈ | ၅၀၆၅၂၀၀ |
| MADPL (PLB) | ၃၂၅၀ | ၃၂၅၀ | ၂၅၀၀ | ၈၁၂၅၀၀၀ |

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁ - ၁၂-၂၀၂၄ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၅ | ၃၁၄၅ | ၃၁၂၀ | ၃၀၇၅ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၀ | ၃၁၂၅ | ၄၅၀၅ | ၃၂၈၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၈၀ | ၃၁၇၀ | ၃၁၈၅ | ၃၅၈၅ | ၃၉၅၀ |
| 95 Ron | ၃၁၈၀ | ၃၂၆၀ | ၃၂၃၅ | ၃၁၈၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၈၅ | ၃၂၄၀ | ၄၅၆၀ | ၃၃၉၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၉၅ | ၃၂၈၅ | ၃၂၉၅ | ၃၇၀၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၃၀ | ၂၇၀၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၀၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | - | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၅၀ | ၂၇၃၅ | ၂၇၅၀ | ၃၁၅၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | ၄၈၃၀ | ၃၄၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |
| HSD (10 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | - | ၃၄၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၆ | ၂၉၉၇ |
| 95 Ron | ၃၀၁၆ | ၃၁၁၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၆၄ |
| HSD (50 ppm) | ၃၁၀၈ | ၃၂၀၀ |
| HSD (10 ppm) | ၃၁၀၈ | ၃၂၀၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် တာချီလိတ်-ကျိုင်းတုံကားလမ်းနံဘေး၊ မလိပါကောလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၃၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ လိုင်စင်မဲ့ Toyota Landcruiser မော်တော်ယာဉ် တစ်စီးနှင့် Daihatsu Hijet မော်တော်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၅၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၉၁၂၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Toyota Voxy မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၅၉၁၂၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၁၆၉၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၅၉၀၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck သုံးစီး၊ Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၀၀၀၀၀၀)ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့အကျော်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၈၀၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၆၆/၆)၊ တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုးနှင့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၄၈၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီးနှင့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန် - မန္တလေးလမ်းဟောင်း ကူမဲမြို့အကျော်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၃၅၀၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractro Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၀၃၀၅၇၅၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၃၃၇၆၉၄) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၇၀၃၈၃) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၅၈၈၂)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၀၀၃၉၅၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၂၁၄၈၈၂၉ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပုလောမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများကို ဖမ်းဆီးပြီး ပြည်သူပိုင်ပစ္စည်းများ ယူဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်

**နေပြည်တော် ဒီဇင်ဘာ ၁၀**
တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခန္တီကျေးရွာအုပ်စုရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ဖမ်းဆီးပြီး ပြည်သူပိုင်ပစ္စည်းများကို အဓမ္မသိမ်းဆည်းယူဆောင်နေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ပုလောမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပုလောမြို့နယ် ခန္တီကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်များတွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း အပြစ်မဲ့ဒေသခံပြည်သူများကို ဖမ်းဆီးခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းများ မရှိကြောင်း၊ တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများကြောက်ရွံ့ထိတ်လန့်ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






## ပုသိမ်မြို့နယ် မဒေါ့ကုန်းကျေးရွာအုပ်စု၌ ဆောင်းသီးနှံနေကြာ စုပေါင်းစိုက်ပျိုးပွဲ ကျင်းပ

**ငွေဆောင် ဒီဇင်ဘာ ၁၀**
ပုသိမ်မြို့နယ် မဒေါ့ကုန်းကျေးရွာအုပ်စု၌ ယနေ့နံနက်ပိုင်းက တောင်သူမန်းကျော်ခိုင်နှင့် ဦးစောဂျယ်ရယ်တို့၏ ဧရိယာ ၆ ဒသမ ၀၀ ဧကတွင် ဆောင်းသီးနှံ (နေကြာ) မျိုးစေ့ပေးအပ်ပွဲနှင့် ဆောင်းသီးနှံ (နေကြာ) Super Sun 41 သုံးဧက၊ ရေဆင်းစပ်မျိုး-၁ ၃ ဒသမ ၀၀ ဧက စုစုပေါင်း ခြောက်ဧကကို စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ စိုက်ပျိုးပွဲအခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝမ်း၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်စိုက်/တိုးမြှင့် အဖွဲ့ဥက္ကဋ္ဌ ဦးရည်မွန်နှင့် ခရိုင်စိုက်/တိုးမြှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်/တိုးမြှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ပြီး တက်ရောက်လာသူများကို နေကြာမျိုးစေ့များ ဖြန့်ဝေပေးကာ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ဆက်လက်၍ တက်ရောက်လာသော တောင်သူများအား နေကြာမျိုးစေ့စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူများက ပညာပေးဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **ငွေဆောင်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ယနေ့ နံနက် ၉ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းထွဋ်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦး ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ မီးသတိပေးဗီနိုင်းပိုစတာ စုပေါင်းစိုက်ထူစဉ်။ မြို့နယ်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ Electric Vehicle မီးငြိမ်းသတ်ရေးအကြောင်း သိကောင်းစရာများကို ဒီဇင်ဘာ ၉ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောလွင်အေးက မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် တပ်ဖွဲ့ဝင်များအား ဆင့်ပွားသင်တန်းပို့ချစဉ်။ မောင်ကျော်ကြီး



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## လဟယ်မြို့နယ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးအရ နှစ်နိုင်ငံနယ်နိမိတ်ချင်း ထိစပ်နေသည့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၌ အခြေခံအဆောက်အအုံ (လမ်း/တံတား)၊ ပညာရေးနှင့် ကျန်းမာရေး စသည့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီဖြင့် **"မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIPs)"** အရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့သည့် လဟယ်မြို့နယ် တိုက်ရုံကျေးရွာအနီး ကုန်းမြင့်လယ်ယာ ဘက်စုံသုံးခန်းမ အာရ်စီတစ်ထပ် ဆောက်လုပ်ခြင်း၊ ပေ ၂၀ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ခြင်းနှင့် ရေထုတ်ပြွန်လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။



အဆိုပါ ဘက်စုံသုံးခန်းမ ပေ ၂၀ ကွန်ကရစ်တံတားနှင့် ရေထုတ်ပြွန်များ တည်ဆောက်ပေးနိုင်မှုကြောင့် လဟယ်မြို့နယ် လဟယ်- တိုက်ရုံ- ဆပ္ပလော်နောက်ကုန်း- ဆော်လော်နောက်ကုန်း- ပုံညိုနောက်ကုန်းလမ်းပေါ်ရှိ ဒေသခံကျေးရွာပေါင်း ခြောက်ရွာ၊ အိမ်ခြေ ၁၃၄၈ အိမ်၊ လူဦးရေ ၇၇၈၁ ဦးတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်းတနော်၌ ဆောင်းနေကြာ စုပေါင်းစိုက်ပျိုး

**ပန်းတနော် ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မြို့ကွက်သစ်ရပ်ကွက် အကွက်အမှတ် -၂ စိုက်ဧက-၁၀.၀၀ ၏ သောင်ထွန်းမြေတွင် ယနေ့နံနက်က ဆင်းရွှေကြာ(၂) နေကြာမျိုးသန့်ပွား မျိုးစေ့ချစိုက်ပျိုးသည်။

အဆိုပါစိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဇော်လင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များက ဆင်းရွှေကြာ (၂) နေကြာကို မျိုးစေ့ချစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျိုက်ထိုမြို့ အလက (ကော့ဘိန်း) ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ကျိုက်ထို ဒီဇင်ဘာ ၁၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၉ ရက်က ကျိုက်ထိုမြို့ အခြေခံပညာ အလယ်တန်းကျောင်း အလက (ကော့ဘိန်း)၌ ကျင်းပသည်။



ဦးစွာ အလက(ကော့ဘိန်း) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန္တာနှင့် စာပေချစ်သူများအသင်း (Book Club)အဖွဲ့မှ အဖွဲ့ဝင် ဦးလှထွန်းတို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးယုဝေက လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ ကျောင်းသားကျောင်းသူများက လူငယ်နှင့်အချိန်၏တန်ဖိုး၊ နောင်တရမှာမကြောက်ပါနဲ့၊ မှန်မှန်ကန်ကန် ဆုံးဖြတ်တတ်ပါစေ၊ စာဖတ်ခြင်းအတတ်ပညာ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

*နိုင်ငံတကာသတင်း*

## ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆီးရီးယားအရေးကြေညာချက်ကို မကြာမီထုတ်ပြန်သွားမည်ဟု မျှော်လင့်

**ဒမတ်စကတ် ဒီဇင်ဘာ ၁၀**

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆီးရီးယားအရေး ကြေညာချက်ကို ယခုသီတင်းပတ်နှောင်းပိုင်းတွင် ထုတ်ပြန်ရန် မျှော်လင့်ထားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဒီဇင်ဘာ ၉ ရက်က နှစ်နာရီကြာ တံခါးပိတ်အရေးပေါ်အစည်းအဝေးတစ်ခုကို ကျင်းပခဲ့သော်လည်း Hayat Tahrir al-Sham အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ခြင်းမရှိခဲ့ပေ။ အဆိုပါအဖွဲ့သည် ယခုနောက်ဆုံးဖြစ်ပွားခဲ့သည့် ဆီးရီးယားအစိုးရကို ဆန့်ကျင်သည့် ဆူပူအုံကြွမှုကို ဦးဆောင်ခဲ့သည်။

ဆီးရီးယားတပ်ဖွဲ့ဝင်များသည် အာမခံချက်မရှိဘဲ ပြိုလဲသွားမည်ဟု မည်သူမျှထင်မထားခဲ့ကြောင်းနှင့် လူအများကို အံ့အားသင့်စေခဲ့ကြောင်း အမေရိကန်ဒုတိယသံအမတ် ရောဘတ်ဝုဒ်က ပြောကြားလိုက်သည်။ ကြီးကျယ်သည့်စွန့်စားမှုများ ပါဝင်နေသည့် အခွင့်အလမ်းသစ်တစ်ခုဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

လာမည့်ရက်များတွင် စုပေါင်းအတည်ပြုထားသည့် သတင်းတစ်ခုထွက်ပေါ်လာမလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**



## တားမြစ်ချက် ရွှေ့ဆိုင်းပေးရန် တစ်တော့ခ်တောင်းဆို

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

ဇန်နဝါရီ ၁၉ ရက်တွင် စတင်အသက်ဝင်မည့် အမေရိကန်နိုင်ငံအတွင်းရှိ တစ်တော့ခ်လုပ်ငန်းဆောင်ရွက်ချက်များအပေါ် တားမြစ်ချက်ကို ရွှေ့ဆိုင်းပေးရန် လူမှုမီဒီယာအော်ပရေတာဖြစ်သည့် တစ်တော့ခ်က အမေရိကန်တရားရုံးကို တောင်းဆိုလိုက်သည်။

တစ်တော့ခ်ဗီဒီယိုမျှဝေခြင်း အက်ပလီကေးရှင်းသည် တရားဝင်မဟုတ်ဟုဖော်ပြသည့် ဥပဒေတစ်ခုကို အမေရိကန်က ဧပြီလက အတည်ပြုခဲ့သည်။ အမေရိကန်ပြည်ထောင်စု အယူခံတရားရုံးက လွန်ခဲ့သည့်သီတင်းပတ်က အဆိုပါတားမြစ်ချက်ကို အခြေခံဥပဒေအဖြစ် အတည်ပြုခဲ့သည်။ အဆိုပါလုပ်ဆောင်ချက်ကို တုံ့ပြန်သည့်အနေဖြင့် တစ်တော့ခ်ကုမ္ပဏီရှေ့နေများက ရွှေ့ဆိုင်းပေးရန် တရားရုံးကို တောင်းဆိုခဲ့သည်။

အဆိုပါတားမြစ်ချက်ကို ခေတ္တရပ်ဆိုင်းလိုက်မည်ဆိုပါက တရားရုံးချုပ်နှင့် နောင်တက်လာမည့် အမေရိကန်အစိုးရကို ပြန်လည်သုံးသပ်ရန် အချိန်ပေးသလိုဖြစ်မည်ဖြစ်ကြောင်း တစ်တော့ခ်ကုမ္ပဏီက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

## ကမ္ဘောဒီးယားနိုင်ငံ၌ စာသင်ကျောင်းများ၌ အားဖြည့်အချိုရည် ရောင်းချမှုကို ပိတ်ပင်

**ဖနောင်ပင် ဒီဇင်ဘာ ၁၀**

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၌ လူငယ်လူရွယ်များတွင် ဆီးချိုရောဂါ သိသိသာသာမြင့်တက်နေသည့်အတွက် စာသင်ကျောင်းများတွင် အားဖြည့်အချိုရည် ရောင်းချမှုကို ဒီဇင်ဘာ ၁၀ ရက်က ပိတ်ပင်လိုက်ပြီဖြစ်သည်။

သကြား ပါဝင်မှုများသည့် အားဖြည့်အချိုရည် သောက်သုံးမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆီးချိုရောဂါကဲ့သို့ ကူးစက်ပျံ့နှံ့ခြင်းမရှိသော ရောဂါများ၏ အန္တရာယ်ကို တားဆီးရန်ရည်ရွယ်ချက်ဖြင့် ယခုလို လှုပ်ရှားမှုကို စတင်ခဲ့ခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေး၊ လူငယ်ရေးရာနှင့် အားကစားဝန်ကြီး ဟန်ချွန်နာရွန်က ပြောကြားလိုက်သည်။ စာသင်ကျောင်းနှင့် အနီးဝန်းကျင်ဒေသများတွင် အားဖြည့်အချိုရည်အမျိုးမျိုးရောင်းချခြင်း၊ ကြော်ငြာခြင်း၊ ဖြန့်ချိခြင်းနှင့် ဝယ်ယူ သောက်သုံးခြင်းများကို တင်းကျပ်စွာတားမြစ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။ အဆိုပါ တားမြစ်ချက်ကို နိုင်ငံတစ်ဝန်းရှိ အစိုးရနှင့်ပုဂ္ဂလိက ပညာရေး အင်စတီကျူးရှင်းများနှင့်နည်းပညာ သက်မွေးကျောင်းများအားလုံးကို ပြဋ္ဌာန်းလိုက်သည်။

**ဆင်ဟွာ**

## စင်ကာပူ လုပ်ခလစာများမြှင့်တင်

**စင်ကာပူ ဒီဇင်ဘာ ၁၀** - စင်ကာပူလူ့စွမ်းအားဝန်ကြီးဌာနသည် ၂၀၂၆ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်း အသက်ဝင်မည်ဖြစ်သော အချိန်ပိုင်းနှင့်အထူးသီးသန့် လုံခြုံရေးအရာရှိများ၏ လုပ်ခလစာမြှင့်တင်မှုနှင့်အတူ လုံခြုံရေးကဏ္ဍအတွက် Progressive Wage Model (PWM) အဆင့်မြှင့်တင်မှုကို ဒီဇင်ဘာ ၁၀ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

၂၀၂၄ ခုနှစ်နှင့်၂၀၂၅ ခုနှစ်အတွက် လုပ်ခလစာတိုးမြှင့်ရေးအစီအစဉ်ကို ဖော်ဆောင်ကာ သုံးနှစ်တာ လုပ်ခလစာတိုးမြှင့်ရေးအစီအစဉ်အသစ်ဖြင့် အချိန်ပိုင်းနှင့်အထူးသီးသန့် လုံခြုံရေးအရာရှိများ၏ အလုပ်အဆင့်အတန်းပေါ်မူတည်ပြီး လုပ်ခလစာများကို တဖြည်းဖြည်း တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)
ပြည်မြို့နယ်တရားရုံး
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၀

ဦးမောင်ဝင်း နှင့် ၁။ ဦးဝမ်းမောင်
၂။ ဒေါ်မြသီ
၃။ ဒေါ်အေးအေးဝင်း
၄။ ဒေါ်ကြည်ကြည်ဝင်း
(တရားလို) (တရားပြိုင်များ)

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ရတနာမာန်အောင်ကွက်သစ်၊ ရွှေတောင်ကြားလမ်း၊ လမ်းသွယ်(၁)နေ အမှတ်(၂)တရားပြိုင် ဒေါ်မြသီ (ဘ) ဦးလှကလေး အမှတ်(၃) တရားပြိုင် ဒေါ်အေးအေးဝင်း (ဘ) ဦးအုန်းမောင် အမှတ်(၄)တရားပြိုင် ဒေါ်ကြည်ကြည်ဝင်း (ဘ) ဦးအုန်းမောင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးမောင်ဝင်းက နှစ်ဦးသဘောတူဝန်ခံကတိပြုထားကြသည့် ဝေစုငွေ (၁၁၅,၀၀၀၀၀၀/-)ကျပ်တစ်ရာတစ်ဆယ့်ငါးသိန်းတိတိ) ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင့်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၁၆)ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၁ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဆက်နောင်မြင့်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြည်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၉)၊ မြေကွက်အမှတ်(၂၀၈)၊ မြေရေိယာ(၀ဒသမ၀၆၂)ကေရှိမြေအား ဒေါ်ခင်ဌေးရီမှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အမှတ်(၈/၆၈)၊ တောင်ဇလပ်ရပ်ကွက်၊ ကျန်စစ်သားလမ်းရှိ ကွင်း/အကွက်အမှတ် (၈၄၆/စမ်းမြို့ရပ်)၊ ဦးပိုင်အမှတ်(၁၆၄၆/ခ)၊ ဧရိယာ(၀.၀၉၁)ကေရှိ ဝင်းမြေအား ဦးဗန်နိုင်မန်း(၅/ကလထ(နိုင်)၁၉၃၇၄၀)က ၎င်းအမည်ဖြင့် မြေဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ စသည့်အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဗန်နိုင်မန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ စဉ်-၉၂၁၆/၂၀၁၃
အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့၊
ဖုန်း- ၀၉-၉၆၂၁၅၁၁၂၅၊ ၀၉-၂၅၉၁၆၉၃၄၄

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ စမ်းမြို့ရပ်ကွက်ရှိ ကွင်း/ အကွက်အမှတ်(၂၁/မော်တော်ယာဉ်ရပ်)၊ ဦးပိုင်အမှတ်(၅/ခ)၊ ဧရိယာ(၀.၃၂၃)ကေရှိ ဝင်းမြေအား ဒေါ်အေးယုဝေ ၉/မကန(နိုင်)၀၇၂၇၅၄က ၎င်းအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများစသည့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးယုဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နွယ်နွယ်အေး(LL.B)
တရားလွှတ်တော်ရှေ့နေ စဉ်-၉၂၁၆/၂၀၁၃
အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့
ဖုန်း-၀၉-၉၆၂၁၅၁၁၂၅၊ ၀၉-၂၅၉၁၆၉၃၄၄

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/1950 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၈၁၆၂၉, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ နန်းဖြူဖေါင်း ၁၃/ကတန(နိုင်)၁၃၄၀၉၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တွဲဖက်ပြည်နယ်ရုံး
(ကျိုင်းတုံ)ကျိုင်းတုံမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/08983, Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန့်နွယ်ဇာခြည်လင်း ၁၄/အမန(နိုင်)၁၄၂၃၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးဝင်း၏သား ဦးမျိုးမြင့်အောင် (၅/ယမပ(နိုင်) ၁၄၅၁၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ်- (MH-088196) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း - ၀၉-၇၆၅၅၆၂၆၉၆

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးဘဖြူ၏ သမီး မသီတာအေး (၁၂/တတန(နိုင်)170069) ၏ နိုင်ငံကူးလက်မှတ် အမှတ် (MC-993157) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၂၁၀၄၈

## ခြံရောင်းမည်

တောင်ငူမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ ဦးမှဲ့လမ်း၊ ခြံအမှတ်(၅၇၈)၊ ၅-ခ ဈေးတန်း၊ ဦးပိုင်အမှတ်(က/၁၄၃)၊ ဧရိယာ(၀ဒသမ၀၇၄)ကေရှိ ခြံမြေအား ပိုင်ရှင် ဒေါ်မာမာချိုမှ ရောင်းပါမည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်အား ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒေါ်မာမာချို (၇/တငန(နိုင်) ၁၁၈၃၂၅)
ဖုန်း-၀၉-၈၈၆၆၆၆၃၅၉

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ မြေကွက်အမှတ်(၆၈၃)၊ စွယ်တော်(၅)လမ်း၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးလှမြင့် အမည်ပေါက် ဂရန်မြေကွက် အနက်မှ တရားဝင် မခွဲစိတ်ရသေးသည့် ခေါင်းရင်းခြမ်း(၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် ၎င်းတို့နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဒေါ်ကြူကြူဝင်း ၁၂/ဥကမ(နိုင်)၂၈၇၈၁၃မှ မိမိသာရောင်းချခွင့်ရှိကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ စ၍(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသိန်းထွန်း ၄/မတပ(နိုင်)၀၀၁၆၆၈၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချယ်ရီဝင်း LL.B,W.I.P.O(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၁)
အမှတ်(၆၄၀)၊ ၇လမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၀၁၅၅၁၆၆၀

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၉)၊ မြေကွက်အမှတ်(၁၅ᵃ)၊ မြေရေိယာ(၀ဒသမ၀၅၉)ကေရှိမြေအား ဒေါ်ဝတ်ရည်မြင့်မှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ (၇)ရပ်ကွက်၊ မြေတိုင်းအမှတ် (၁)၊ မြေကွက်အမှတ်(၁၃၈)၊ မြေရေိယာ (၀.၀၅၅)ကေရှိမြေအား ဒေါ်ဝင်းကြည်မှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9U/2858, Kamax-250,3W၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(သရက်)

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/၁)၊ မြေကွက်အမှတ်(၁၀၄)၊ အလျား(၂၅)ပေ x အနံ(၅၀)ပေ အကျယ်အဝန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ (မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန)တွင် ဒေါ်သင်းသင်းခိုင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ပေါ်ရှိ အိမ်ခြံမြေ အကျိုးခံစားခွင့်များအား ဒေါ်သင်းသင်းခိုင် ၁၂/မဂဒ(နိုင်) ၁၀၅၄၇၃မှ အရှုပ်အရှင်းကင်းစွာဖြင့် မူရင်းစာရွက်စာတမ်းများဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ထားပါကြောင်း၊လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဦးရန်ငြိမ်းချမ်း ၁၂/မဂဒ(နိုင်) ၁၅၅၁၀၁က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်လုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးရန်ငြိမ်းချမ်း ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခွန်ရဲမာန်(LL.B) WIPO(Switzerland)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၅၁)
ဖုန်း-၀၉-၄၃၀၈၉၄၆၆

## ငြင်းချက်ထုတ်ရန်ဆင့်စာ
တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
သန်လျင်ခရိုင်တရားရုံးတော်
၂၀၂၃ ခုနှစ်၊တရားကြီးမှုအမှတ် ၄၀

ဒေါ်ချိုချို နှင့် ဒေါ်စန်းဝင်း
(တရားလို) (တရားပြိုင်)

ခရမ်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၃)လမ်း၊ ရွှေပြည်အေးရပ်နေ တရားပြိုင် ဒေါ်စန်းဝင်း (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အပေါင်ဒီကရီရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် (၈)ရက် မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သန္တာ)
တွဲဖက်ခရိုင်တရားသူကြီး(၃)
သန်လျင်ခရိုင်တရားရုံး

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မာလာမြိုင်ရိပ်သာလမ်း၊ အမှတ်(၅၃၁/က)နေ ဒေါ်သင်းစန္ဒီ(ဘ)ဦးဝင်းကိုကို ၁၂/ကမရ(နိုင်) ၀၅၆၅၃၅မှ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၂၀)နေ ဦးသိန်းနိုင်(ဘ)ဦးဗျန်တိန်(ခ)တင်လျှန်တင် ၁၄/မအန (နိုင်) ၀၈၇၀၈၉အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၇-၉-၂၀၂၃)ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၀၉၉/၂၀၂၃) ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သင်းစန္ဒီ ၁၂/ကမရ(နိုင်) ၀၅၆၅၃၅

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ သီရိမင်္ဂလာ ၁ လမ်း၊ လမ်းသွယ်-၉၊ အကွက်အမှတ်ခ-၄၊ ပေ (၄၀x ၆၀)(ဦးဘိုးတန် အမည်ပေါက် စလစ်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ စတင်ပြီး (၅)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ချိုလင်း(LL.B,D.I.L,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၈၁)
ရှေ့နေများနားနေခန်း၊ မှော်ဘီတရားရုံးဝင်း၊ မှော်ဘီမြို့နယ်၊
ဖုန်း-၀၉-၄၂၀၀၄၁၇၂၁၊ ၀၉-၆၉၄၄၆၀၃၆၀

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ အနောက်မြောက်ရပ်ကွက်၊ ရုံးပွဲလမ်း၊ အကွက်အမှတ်(၂N)၊ အနောက်လမ်းမတော်ရပ်၊ ဦးပိုင်အမှတ်(၈၀)၊ ဧရိယာ(၀ဒသမ၀၉၃)ကေရှိ ဦးသိန်း အမည်ပေါက် နှစ်(၃၀)ဂရန် (မူရင်း)သည် မိဘများလက်ထက်ကပင် ချကိုက်ပျက်စီးပျောက်ဆုံး သွားပါသဖြင့် ဖခင်ဖြစ်သူဦးသိန်းနှင့်မိခင်ဖြစ်သူ ဒေါ်ခင်ကြည်တို့ ကွယ်လွန်ပြီး နောက် ကျန်ရစ်သူ သားသမီးများဖြစ်ကြသည့် ဦးဌေးဝင်း၊ ဒေါ်လှဲ့လှဲ့ဝင်း၊ ဒေါ်စန်းစန်းယုတို့(၃)ဦးမှ အမည်ပြောင်း၊ သက်တမ်းတိုးလျှောက်ထားမှုနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက အထောက်အထားပြည့်စုံစွာဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဦးဌေးဝင်း၊ ဒေါ်လှဲ့လှဲ့ဝင်း၊ ဒေါ်စန်းစန်းယု တို့(၃)ဦးထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဌေးဝင်း(ဘ)ဦးသိန်း ဒေါ်လှဲ့လှဲ့ဝင်း(ဘ)ဦးသိန်း ဒေါ်စန်းစန်းယု(ဘ)ဦးသိန်း
၇/ကပက(နိုင်)၀၃၇၈၄၄၊ ၇/ပတန(နိုင်) ၀၀၃၄၅၁၊ ၇/ပတန(နိုင်) ၀၀၇၄၅၅
ရုံးပွဲလမ်း၊ အနောက်မြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23U/1751 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထိုက် ၁၂/မဘန(နိုင်)၁၄၁၃၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် FF/3530, Toyota Corolla Fielder NZE12, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးလွင်ကိုဦး ၉/သပက(နိုင်)၀၄၂၉၄၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/2001, Suzuki Carry DA 21T,P/U(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာထွန်း ၁၂/သဃက(နိုင်)၁၈၆၃၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ အထက(၃)ကျောင်း Grade-12 မှ မဆုဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးဂျင်ဂျင်အောင် ၁၄/လပတ(နိုင်) ၂၆၁၀၆၈ ဖြစ်ပါကြောင်း။

ဦးဂျင်ဂျင်အောင်

## မိဘအမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ အထက(၁)ကျောင်း(Grade-12) မှ မောင်လှထွန်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၁၄/ပသန(နိုင်)၁၈၃၄၆၆ နှင့် မိခင်အမည်မှန်မှာ ဒေါ်အေးမြင့်ကြည် ၁၄/မမန(နိုင်)၁၉၅၀၅၄ ဖြစ်ပါကြောင်း။

ဦးမြင့်စိုး-ဒေါ်အေးမြင့်ကြည်

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ အထက(၁)ကျောင်း Grade-12 မှ မောင်ရဲသူရ၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်းဦး ၁၄/လပတ (နိုင်)၁၂၈၀၁၉ ဖြစ်ပါကြောင်း။

ဦးနိုင်လင်းဦး

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ အထက(၂)ကျောင်း Grade-12မှ မောင်ကောင်းမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးနေဝင်းအောင် ၁၄/မမန(နိုင်) ၂၆၂၄၆၈ ဖြစ်ပါကြောင်း။

ဦးနေဝင်းအောင်

## ပျောက်ဆုံးကြောင်း

ကျောက်ပန်းတောင်းမြို့၊ လယ်ယားကျေးရွာနေ (ဘ)ဦးသိန်းဇော်၏သား ကိုစည်သူထွန်း ၉/ကပတ(နိုင်)၂၉၆၈၃၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MI 694481) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၈၉၇၆၀၈၆

## တစ်ဦးတည်းဖြစ်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မုန့်တောင်ရပ်ကွက်နေ မဝေနှင်းထက် (2016-တက္ကသိုလ်ဝင်တန်းအောင်) ၏ ဖခင် ဦးအောင်တင်သောင်း ၈/ရနခ(နိုင်)၀၇၂၅၈၀ နှင့် ဦးတင်ငွေ မှာ တစ်ဦးတည်းဖြစ်ပါသည်။

## လားရှိုးတက္ကသိုလ်
## (၁၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

လားရှိုးတက္ကသိုလ်၏ နေ့သင်တန်းမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ၂၀၂၃ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော စာမေးပွဲများတွင်အောင်မြင်ခဲ့ပြီး ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့ )၊ သိပ္ပံ(ဂုဏ်ထူးဘွဲ့ )၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့ နှင့်လားရှိုးတက္ကသိုလ်၏ အဝေးသင်သင်တန်းမှ ၂၀၂၃ပညာသင်နှစ်၊ ၂၀၂၃ခုနှစ် အောက်တိုဘာလနှင့်နိုဝင်ဘာလတို့တွင် ကျင်းပခဲ့သော စာမေးပွဲများတွင် အောင်မြင်ခဲ့ပြီး ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ ရရှိကြမည့်သူများအား လားရှိုးတက္ကသိုလ်၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၌ ဘွဲ့တက်ရောက်ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်း လျှောက်ထားနိုင်သည်။

နေ့သင်တန်း နှင့် အဝေးသင် သင်တန်းအတွက် လားရှိုးတက္ကသိုလ် ယာယီရုံးခန်း (တောင်ကြီးတက္ကသိုလ်)တွင် ရယူလျက် တင်သွင်းလျှောက်ထားနိုင်ကြပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

**တက်ရောက်ဘွဲ့ကြေး** - ကျပ်-၁၅၀၀၀/- (ကျပ်တစ်သောင်းငါးရာတိတိ)
**အဝေးရောက်ဘွဲ့ကြေး** - ကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
**လျှောက်လွှာတင်သွင်းရမည့်ရက်** - (၁၁-၁၂-၂၀၂၄) ရက်မှ (၂၀-၁၂-၂၀၂၄) ရက်အထိ

**မှတ်ချက်**

(၁) သတ်မှတ်လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်ပြီး လျှောက်ထားရမည်။
(၂) လွန်ခဲ့သည့်(၃)လအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)၊ နှစ်သက်ရာဝတ်စုံကို ပြည့်စုံစွာဝတ်ဆင်ပြီး သပ်ရပ်စွာရိုက်ကူးထားသော (၂" x ၁.၅") ဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ လျှောက်ထားရမည်။
(၃) သတ်မှတ်ဘွဲ့ကြေးများကို လားရှိုးတက္ကသိုလ် ယာယီရုံးခန်း (တောင်ကြီးတက္ကသိုလ်) ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။
(၄) ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order) ဖြင့်သာ ပေးပို့ရမည် ဖြစ်ပြီးငွေပို့လွှာ၏ အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ် စသည်များကိုလည်း တိကျစွာဖော်ပြလျှောက်ထားရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်း မရှိသည့် ငွေပို့လွှာများကိုလက်ခံစဉ်းစားမည် မဟုတ်ပါ။
(၅) အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသား ဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ (အမျိုးသမီးများ သုံးလွှာထမီ အကွဲများဝတ်ဆင်ခြင်းမပြုရ)
(၆) တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့နှင်းသဘင်ကျင်းပပြီး (၆)လကြာမှသာ ဘွဲ့လက်မှတ်များ ထုတ်ပေးမည်ဖြစ်ပါသည်။
(၇) ယခင်နှစ်များက ဘွဲ့ရ စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်သည်။
(၈) အသေးစိတ်အချက်အလက်များကို လားရှိုးတက္ကသိုလ် ယာယီရုံးခန်း (တောင်ကြီးတက္ကသိုလ်) သင်တန်းရေးရာဌာန ဖုန်း-၀၉-၄၃၁၂၇၉၁၆ တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**သင်တန်းရေးရာ**
**လားရှိုးတက္ကသိုလ်**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁၅)
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၈၉၃

ဒေါ်တင်နု နှင့် ဒေါ်သင်းသင်းနု ပါ ၉
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်စွဲပါ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ် - ၅၆/၂၀၂၄ ၏ နေ့စဉ်မှတ်တမ်း အမိန့်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှု လျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရသူ ၅။ မောင်ပြည့်ဖြိုးအောင် စက်မှုဇုန်ရပ်၊ မုံရွာမြို့။ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ) နေ သိစေရမည်။

ဤအမှုတွင် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏ နေ့စဉ် မှတ်တမ်း အမိန့်နှင့် ထုံးပုံကျ အပြီးသတ်အမိန့်မှပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်စုမွန်ကိုကိုအောင်က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် နံနက် ၁၀ နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးသက်မော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ဂိုဒေါင် အမြန်ငှားမည်

- Steel Structure (၅၀ x ၁၃၅ ပေ) အမြင့် ၂၄ ပေ။
- ဂိုဒေါင်အတွင်းသို့ ကွန်တိန်နာ ဝင်နိုင်သည်။
- ပါဝါမီတာ၊ transformer (100 KVA)၊ ရေ၊ မီး အစုံပါသည်။
- တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်။

**ဖုန်း-၀၉-၆၉၅၀၀၃၀၉၈၊ ၀၉-၆၉၉၀၂၇၀၈၅**

## အယူခံမှု ဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ထံသို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၉၅

၁။ ဒေါ်ညွန့်ညွန့်ဝင်း
၂။ ဒေါ်ခင်ဆွေဝင်း
နှင့်
၁။ ဦးကျော်မြင့်ဌေး (ကွယ်လွန်သူဒေါ်ခင်အေးမြင့်၏ တရားဝင်ကိုယ်စားလှယ်)
၂။ ဒေါ်အေးအေးမော်(ခ)ဒေါ်မော်မော် (ကွယ်လွန်သူဦးခင်မောင်ဖြူ၏ တရားဝင်ကိုယ်စားလှယ်)
၃။ ဒေါ်ခင်သူဇာဌေး (ကွယ်လွန်သူ ဒေါ်တင်မြင့်၏ တရားဝင်ကိုယ်စားလှယ်)
၄။ လှမြတ်သူဝင်း(ကိုယ်တိုင်နှင့်(၅၊၆၊၇၊၈)တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ)
၅ ဒေါ်ခင်မြတ်မွန်ဝင်း
၆။ ဒေါ်မြတ်သီတာဝင်း
၇။ ဒေါ်ခင်မြတ်ဖြူဝင်း
၈။ ဒေါ်မြတ်ဥမ္မာဝင်း
၉။ ဦးလှမိုးအောင်
၁၀။ ဦးသိန်းတိုးအောင်
၁၁။ ဒေါ်လဲ့လဲ့အောင်
၁၂။ ဦးကျော်မျိုးအောင်
၁၃။ ဦးဖြိုးဝင်းအောင်
၁၄။ ဒေါ်လှိုင်သူဇာအောင်
၁၅။ ဦးရွှေမင်း
၁၆။ ဦးကျော်ကျော်ဦး
၁၇။ ဦးကျော်မျိုးထွန်း
၁၈။ ဒေါ်နွယ်နီထွန်း
၁၉။ ဦးကျော်သက်ထွန်း
၂၀။ ဒေါ်မာလာထွန်း
၂၁။ ဦးအောင်ကျော်ထွန်း
(၁၆-၂၁) **ကွယ်လွန်သူ ဦးတင်ထွန်းနှင့် ဒေါ်မြရွှေ တို့၏ တရားဝင် ကိုယ်စားလှယ်**
၂၂။ ဒေါ်ခင်စန်းဝင်း
၂၃။ ဒေါ်ခင်ဌေးရီ
၂၄။ ဒေါ်ဖြူဖြူထွဋ်မင်း
၂၅။ ဒေါ်မျိုးမွန်မွန်ဆွေ
(၂၂-၂၅) **ကွယ်လွန်သူ ဒေါ်တင်ကြည်၏ တရားဝင် ကိုယ်စားလှယ်**

**(အယူခံတရားလိုများ)** **(အယူခံတရားပြိုင်များ)**

၂၀၂၄ ခုနှစ်၊ ဧပြီလ(၉)ရက်စွဲပါ ပြည်ခရိုင်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၀ အမှုတွင် ချမှတ်သော အမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ရန်ကင်းမြို့နယ်၊ အခန်း(၁၀)၊ အမှတ်(၃၃၀)နေ အယူခံတရားပြိုင် (၁)ဒေါ်အေးအေးမော်(ခ)ဒေါ်မော်မော်၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ မြို့သစ်ဈေးလမ်းနေ အယူခံ တရားပြိုင် (၁၄) ဒေါ်လှိုင်သူဇာအောင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ပြည်ခရိုင်တရားရုံးတော်က ချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီလ ၆ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၈ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြု ထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်မင်းသူ)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် (74W/1418) Haojue-110 ယာဉ်လက်ဝယ်ရှိသူ Haojue(MDY)Co.Ltdမှ(ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန် ။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် (82W/47149) Dayang-125 ယာဉ်လက်ဝယ်ရှိသူYunn Taw Win Co.Ltd မှ (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန် ။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု)မြို့နယ်၊ အထက(ခွဲ) (ပက်ပယ်) Grade-11 မှ မောင်နိုင်ရဲလင်း ၏ ဖခင် ဦးမောင်ဝင်း၏ အမည်မှန်မှာ ဦးဝင်းအောင် ၈/မဘန(နိုင်) ၁၂၅၆၇၆ ဖြစ်ပါကြောင်း။

**ဦးဝင်းအောင်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးဝင်းမောင်၏ သမီး ကျွန်မ မသူဇာကြည် ၁၂/ရပသ(နိုင်)၀၈၂၅၇၆ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MD-406824) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၄၀၈၉၈၂၁၃**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မောင် ကောင်းမြတ်ဇေ ၏ ဖခင်အမည်မှန်မှာ ဦးပက်ထရစ်မြင့်ဦး ၁၀/မလမ(နိုင်) ၁၉၈၉၆၃ ဖြစ်ပါကြောင်းနှင့် မောင်ကောင်းမြတ်ဇေ၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၆-၂၀၁၃ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/4367 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/9607 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ပြန်လည်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/1413 ၏ ဖောင်းကြွနံပါတ်ပြားပျောက် ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတမြို့)**

## မော်တော်ဆိုင်ကယ် ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၇၄၂၆၇, Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းသိန်းစော ၇/ဒဥန(နိုင်) ၁၈၂၀၉၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## လေလံလျှောက်လွှာခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီးအတွင်းနတ်မောက်မြို့နယ်မှ အောက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံများအား လေလံစနစ်ဖြင့်ရောင်းချမည်ဖြစ်ပါသည်-

နတ်မောက်မြို့ တမာပင်ရပ်ကွက်၊ မကွေး-နတ်မောက် ကားလမ်းဘေးရှိ မြေ(၂ဒသမ၂၆၃)ဧကနှင့် ၎င်းမြေပေါ်ရှိအသင်းရုံးအဆောက်အအုံ(၁၀၃' x ၇၈' x ၂၂') သိုလှောင်ရုံအဆောက်အအုံ (၈၀' x ၄၀' x ၁၈') (၆')ပတ်လည်ရှိ ငွေတိုက်အဆောက်အအုံ၊ (၂") ရေတွင်းနှင့် (၁၀' x ၅' x ၄')ရှိ အုတ်ကန်(၂)လုံး(၁၄၄' x ၁၃' x ၁၀') ဆိုင်ခန်း(၁၈)ခန်း၊ (၁၈' x ၆' x ၆')ရေချိုးခန်းနှင့်အိမ်သာ

**ဆက်သွယ်ရန် ဖုန်း ၀၉-၂၅၆၂၁၂၉၀၈၊ ၀၉-၂၅၆၂၁၄၂၈၅**

- **လေလံလျှောက်လွှာစတင်ရောင်းချမည့်ရက်** - (၁၂-၁၂- ၂၀၂၄) ရက်
- **လေလံပိတ်သိမ်းမည့်ရက်/အချိန်** - (၁၉-၁၂-၂၀၂၄)ရက်၊ ညနေ(၁၆:၀၀)နာရီ
- **လေလံဖွင့်ဖောက်မည့်ရက်/အချိန်** - (၂၀-၁၂-၂၀၂၄)ရက်၊ နံနက်(၁၀:၀၀)နာရီ
- **လေလံလျှောက်လွှာများရောင်းချမည့်နေရာ** - ဖော်ပြထားသော ဖုန်းနံပါတ်များတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။
- **လေလံလျှောက်လွှာထည့်သွင်း/ဖွင့်ဖောက်မည့်နေရာ** - လျှောက်လွှာ ဝယ်ယူတင်သွင်းသည့်နေရာ

**လေလံထုခွဲရောင်းချရေးအဖွဲ့**
**မကွေးတိုင်းဒေသကြီး၊**
**နတ်မောက်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ တိုက်အမှတ်-၁၂၂/စီ၊ အခန်း(၈)၊ ဟုခေါ်တွင်သော အဆောက်အအုံ၏ (၄လွှာ)၊ အကျယ်အဝန်း ၁၂ ½ x၆၀ပေရှိလူနေတိုက်ခန်းနှင့်ယင်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးစွမ်းပြည့်လင်း ၁၂/ကတတ(နိုင်)၀၂၅၃၃၁ က လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်း၍ ရောင်းချလာသည်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးသလကူ ၁၂/ဒလန(ပြု)၀၀၂၁၁၈ ကလည်း ယုံကြည်သဖြင့်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသည်ဖြစ်၍ ယင်းတိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အကြောင်းပြချက်နှင့် ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စိုးသန္တာဌေး(LL.B)** | **ဒေါ်သင်းဝေဝေဖြိုး** |
| **(အထက်တန်းရှေ့နေ)** | **တရားလွှတ်တော်ရှေ့နေ(LL.B)** |
| **(စဉ်-၄၈၀၈၇)(၃၀-၉-၂၀၁၆)** | **စဉ်-၁၈၅၇၃/၃၁-၁၀-၂၀၂၃** |
| **အမှတ် - ၅၉၊ ရွှေဥဒေါင်းလမ်း၊** | **အမှတ်(၁၄၂/၁၄၄)၊ လမ်း ၄၀၊ မဟာဗန္ဓုလနှင့်** |
| **ကမ်းနားအနောက်ရပ်ကွက်၊** | **ကုန်သည်လမ်းကြား၊ ဖုန်း-၀၉-၄၄၈၄၂၉၉၂၆** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊** | |
| **ဖုန်း-၀၉-၇၉၂၉၀၆၂၈၇** | |

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

ဟသ်ာတမြို့နယ်၊ ဥယျာဉ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀)၊ ဥယျာဉ်ကြီးတောင်ရပ်၊ ဦးပိုင်အမှတ် (၇)၊ ဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိအောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | စစ်ကဲလမ်း |
| (ခ ) | အနောက်လားသော် | - | ရေမြောင်း |
| (ဂ) | တောင်လားသော် | - | ဦးပိုင်(၈) |
| (ဃ) | မြောက်လားသော် | - | ဦးပိုင်( ၆က ) |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်လှလှမြင့်၊ ဒေါ်သန်းသန်းဌေး တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဟသ်ာတမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၁၈)၊ သစ္စာလမ်း၊ မြေကွက်အမှတ်-၆၀၄၊ အကျယ် အဝန်း (၄၀ပေx၆၀ပေ) ဦးစော အီဒါ အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်ကြီးအနက်မှ တရားဝင်မြေကွက်ခွဲစိတ်ခြင်း မပြုလုပ်ရသေးသော အကျယ်အဝန်း (၂၀ ပေx၆၀ ပေ)ရှိ (မြေကွက်အမှတ် ၆၀၃ နှင့် ကပ်လျက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပါမစ်အမည်ပေါက်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန်း ၁၂/ဒဂရ(နိုင်)၀၃၄၇၈၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မူမူမြင့် ၁၂/ဥကမ (နိုင်)၁၅၂၀၇၁ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း စာရွက် စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ဦးသဘောတူညီထားသည့် အရောင်းအဝယ် ပဋိညာဉ်အတိုင်း ကျန်ငွေပေးချေခြင်း၊ မြေကွက်နှင့်တကွ ပိုင်ဆိုင်မှု စာရွက် စာတမ်းများ လက်ရောက်ရယူခြင်းတို့ဖြင့် အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးတင်ထွန်း (LL.B,LL.M)တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၇၀၉)**
**အမှတ်-၂၃၄၁/ခ၊ ကနောင်မင်းကြီး(၄)လမ်း၊**
**(၇၁)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၉-၇၉၉၅၄၉၉၄၃**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၈၂/၃အေ)နေ ဒေါ်မင်းမင်းမော် ၁၄/ဓနဖ(နိုင်) ၀၉၅၉၆၉ ၏ သား မောင်မင်းကျော်သူ ၁၂/ကမတ(နိုင်)၀၈၆၈၂၉ သည် မိခင်၏ ပြောဆိုဆုံးမမှုကိုမနာခံခြင်း၊ မိခင်ဖြစ်သူအား ဒုက္ခအမျိုးမျိုးပေးပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်မယူပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်-ဒေါ်မင်းမင်းမော်**

## ပျောက်ဆုံးကြောင်း

တောင်တွင်းကြီးမြို့နယ်၊ ပရပ်ကြယ်ကျေးရွာနေ (ဘ)ဦးမြငွေ ၏ သမီး မကြူကြူမာ ၈/တတက(နိုင်)၂၃၅၈၃၉ ၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၇၅၄၆၉၆၇

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ ကျွန်တော် ဦးကျော်ဝေယံဦး ၁၀/မလမ(နိုင်)၂၇၅၈၄၆ ၏ ဖခင် ဦးကျော်ဦးနှင့် ဦးကျော်ကျော်ဦးဟု အမည် (၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၉

ဦးမျိုးဝင်းဆွေ (တရားလို) နှင့် ဦးသက်လှိုင်ဝင်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာဝင်း၊ ဘုရားလမ်း၊ အမှတ်-၄ နေ တရားပြိုင်ဦးသက်လှိုင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ယုံကြည်အပ်နှံငွေ ကျပ်သိန်း(၁၄၀)နှင့် နစ်နာကြေးငွေကျပ် သိန်း(၄၁၀) စုစုပေါင်းငွေကျပ် သိန်း(၅၅၀)ရလိုမှု စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်ဝင်းထူး)
ဒုတိယခရိုင်တရားသူကြီး(၁)
ဗိုလ်တထောင်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ဆင့်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
## မြောက်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၅

ဒေါ်တင်ကြည် (တရားလို) နှင့် ဒေါ်အေးအေးသင်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ တိုက်အမှတ်-၂၃၁၊ အခန်းအမှတ် (၅)နေ တရားပြိုင် ဒေါ်အေးအေးသင်း (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်ကြည်က "ချေးငွေ(၅,၀၀၀,၀၀၀/-)(ကျပ်သိန်းငါးဆယ်တိတိ)ရလိုကြောင်း" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်) (၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ်၈ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဆုမြတ်သဇင်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၉)၊ မြေကွက်အမှတ်(၄၃၈) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၄၀'x၆၀')စတုရန်းပေရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးရဲတင့် ၁၂/မဂဒ(နိုင်)၀၀၄၆၉၅ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှတစ်ဆင့် အဆက်စပ် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသည့် ဒေါ်စန်းစန်းမြင့် ၁၂/ဥကတ(နိုင်)၂၀၆၉၃၇ ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျုံးနယ်ကိမ်း ၅/ကလထ(နိုင်)၁၄၂၉၉၆ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ဇာလီအောင်
တရားလွှတ်တော်ရှေ့နေ
(စဉ် - ၁၄၃၅၂/၂၀၁၈)
တိုက်-၃/၂၀၅၊ စင်းကားအိမ်ရာ၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်
ဖုန်း- ၀၉-၄၂၀၀၃၈၉၃၉

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ်(၅၄-အေ/မြို့သစ်(ခ))၊ ဦးပိုင်အမှတ်(၆၁၄)၊ ဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ မြေကွက်သည် ဦးမောင်မြင့် အမည်ဖြင့်ချထားပေးသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးတူးနိုင်-ဒေါ်အေးအေးခိုင်တို့မှ အရပ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်လွှဲပြောင်း ဝယ်ယူလာခဲ့ကြောင်း တရားရုံးကျမ်းကျိန်လွှာအား (၁၄-၃-၂၀၂၄)ရက်စွဲပါ စာချုပ်အမှတ်(၁၅/၂၀၂၄)ဖြင့် မှတ်ပုံတင်ထားပါသည်။ ယခုအခါ ဦးတူးနိုင် ပါ(၂)ဦးမှ မြေပိုင်ဆိုင်မှုအထောက်အထားအတွက် မြေပေးမိန့်ခွင့်ပြုချထားပေးနိုင်ပါရန် တင်ပြလျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ၊ မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(၉/မင်းလမ်းမတောင် အကွက်)၊ ဦးပိုင်အမှတ်(၉-၁/၃၁၄-၁)၊ ဧရိယာ ၀ ဒသမ ၀၂၇ဧကရှိ မြေကွက်သည် ဦးဖိုးကတုံး အမည်ပေါက် မြေကွက်ဖြစ်ပါသည်။ ဦးဖိုးကတုံးကွယ်လွန်ခဲ့ပြီးနောက် ဇနီးဖြစ်သူ ဒေါ်သန်းသန်းဝင်းက အမွေဆက်ခံခဲ့ပြီး ဒေါ်သန်းသန်းဝင်းမှ သား/သမီးများဖြစ်သည့် ဦးလင်းလင်းထွန်း ပါ(၄)ဦးသို့ အပိုင်ပေးကမ်းခြင်း ကတိစာချုပ်ချုပ်ဆိုခဲ့သဖြင့် ဦးလင်းလင်းထွန်း အမည်ဖြင့် မြို့မြေခွန်စည်းကြပ်ထားပါသည်။ ဦးလင်းလင်းထွန်းပါ (၄)ဦးထံမှ ဦးသက်စိုးနိုင်-ဒေါ်စုစုလှိုင်တို့က အရပ်ကတိဖြင့်ဝယ်ယူခဲ့ကြောင်း တရားရုံး ကျမ်းကျိန်လွှာရရှိထားပါသည်။ ယခုအခါ ဦးသက်စိုးနိုင်ပါ(၂)ဦးမှ မြေပိုင်ဆိုင်မှု အထောက်အထားအတွက် မြေပေးမိန့်ခွင့်ပြု ချထားပေးနိုင်ပါရန် တင်ပြလျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

